မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ညထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၁၂)

သိပ္ပ ေတာ် မင်္ဂလ မုတ္တမံ

လက်မှုစက်မှုပညာ
တတ်မြောက်ခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး ဦးစီးကော်မတီစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ(၄)၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ဗျာပါဆံ ဒိုးပတ်ဝိုင်း

ဗျာပါဆံ ဒိုးပတ်ဝိုင်း ရုပ်တုပုံ ထုဆစ်ထားသည်မှာ လက်ရာမြောက်လှသည်။ (မြန်မာ့အလင်း)

ပျော်ပြေပွဲများ၊ လက်တွေ့ပန်းပုထုပြိုင်ပွဲများ ပါဝင်မည့် မြန်မာ့သမဝါယမ အနုပညာနှင့် ပန်းပုအရောင်းပွဲတော်ကျင်းပမည်

➢ သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ
➢ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း) ➢ စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး

ရန်ကုန် ဇန်နဝါရီ ၁၉

မြန်မာ့ပန်းပုအနုပညာကား အဆင့်အတန်းလည်း မြင့်သည်။ လက်ရာလည်းမြောက်သည်။ နိုင်ငံတကာပန်းပု လက်ရာများနှင့်လည်း ရင်ပေါင်တန်းနိုင်ရုံမက အရည်အသွေးပိုင်း၌ ပြောင်မြောက်လှသည်။

စာမျက်နှာ ၉ ကော်လံ ၃ ■

သစ်မြစ်ဆုံစားပွဲ ထုဆစ်ထားသည်ကို ဤသို့ ထူးခြားလှပစွာ တွေ့ရသည်။ (မြန်မာ့အလင်း)

မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်မှု၌ အရေးပါသည့် ရေဝတီတိုင်း ပန်းတနော် - အိမ်မဲလမ်းပေါ်က သုံးခွချောင်းတံတား (ကျုံတိုင်းကြီး)

သတင်းမှတ်စု - နုနုရီနှင့် အေးသန္တာသိန်း
ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော် (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁၉

နိုင်ငံတော်အတွင်း လူမှုစီးပွားရေးအခြေအနေ ဖွံ့ဖြိုးတိုးတက်မှုများကြောင့် ကုန်စည်စီးဆင်းမှုများ များပြားလာခြင်း၊ မော်တော်ယာဉ်စီးရေ တိုးတက်များပြားလာခြင်းတို့ကြောင့် ဒေသခံပြည်သူများ သွားလာမှုလွယ်ကူချောမွေ့စေရန်အတွက် ပြည်နယ်နှင့်တိုင်းအနှံ့ လမ်း၊ တံတားများကို တည်ဆောက်ဖော်ဆောင်ပေးလျက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၅ ✻

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၀ ရက်)

လမ်းတံတားများ ကွန်ရက်သဖွယ် တိုးချဲ့တည်ဆောက်ပေးနေ တိုင်းရင်းသားပြည်သူများ ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာဖြစ်ထွန်းစေ

နိုင်ငံတော်အစိုးရသည် နိုင်ငံသားများ၏ စီးပွားရေး အခြေခံအဆောက်အအုံများ တောင့်တင်းခိုင်မာလာစေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးပြီး နိုင်ငံတော်တစ်ဝန်းလုံး မျှမျှတတ တိုးတက်လာစေရန် အထူးဖွံ့ဖြိုးရေးဒေသ ၂၄ခု စီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ချမှတ်ဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ရာ၌ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးသည် အဓိကကျသော အချက်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများချမှတ်၍ ကိုလိုနီအမွေဆိုးကြောင့် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသော နယ်စပ်ဒေသများတွင် လမ်းပန်းဆက်သွယ်မှု ချောမွေ့လွယ်ကူရေးကို အလေးပေးဆောင်ရွက်ခဲ့သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုဖြစ်ထွန်းစေရန် လမ်းတံတားများကို ကွန်ရက်သဖွယ် တိုးချဲ့တည်ဆောက်ပေးခဲ့သည်။

စစ်ကိုင်းတိုင်း ခန္တီးခရိုင် ခန္တီးမြို့နယ်နှင့် လဟယ်မြို့နယ်အကြားရှိ နန့်စလိန်ချောင်းတံတားဖွင့်ပွဲကို ဇန်နဝါရီလ ၁၆ရက်နေ့က အဆိုပါ တံတား၌ ကျင်းပခဲ့သည်။ ခန္တီးမြို့နယ်နှင့် လဟယ်မြို့နယ်တို့ကို နန့်စလိန်ချောင်းတံတားက ဆက်စပ်ပေးလိုက်ခြင်းဖြစ်ပြီး နာဂဒေသအတွက် အဓိကကျသော လမ်းပန်းဆက်သွယ်မှုတစ်ခု ထူးခြားစွာပေါ်ထွန်းလာခြင်း ဖြစ်သည်။

ယခင်က နာဂဒေသ လဟယ်မြို့နယ်သည် လမ်းပန်းဆက်သွယ်မှုခက်ခဲကာ အမြင်နီးပြီး ခရီးဝေးခဲ့ရာမှ နမ့်စလိန်တံတား တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းကြောင့် ရေခြား၊ မြေခြား မဖြစ်တော့ဘဲ ဒေသခံပြည်သူများ တစ်သွေးတည်း တစ်သားတည်း ဖြစ်စေခဲ့ရသည်။

နမ့်စလိန်တံတားကိုအသုံးပြု၍ နာဂဒေသမှထွက်ရှိသောကုန်များကို ခန္တီးမှတစ်ဆင့် တင်ပို့နိုင်မည်ဖြစ်ပြီး ဒေသတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို ပိုမိုတိုးတက်ရန် ကြိုးပမ်းဖော်ဆောင်နိုင်တော့မည် ဖြစ်သည်။

နိုင်ငံတော်အစိုးရက နာဂဒေသတိုင်းရင်းသားများအတွက် ငွေကြေးအမြောက်အမြား အကုန်အကျခံ တည်ဆောက်ပေးခြင်းသည် တိုင်းရင်းသားပြည်သူများ ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်ကျည်မြဲမြံလာစေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပိုမိုဖြစ်ထွန်းစေရန်ဖြစ်ပေရာ စည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့နှင့်အတူလက်တွဲကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ လက်တွဲညီညီ လျှောက်လှမ်းချီတက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ယဉ်ကျေးမှုဝန်ကြီးဌာန ရွှေမြန်မာအငြိမ့်အဖွဲ့ ပညာရေးဝန်ကြီးဌာန၌ ဖျော်ဖြေတင်ဆက်

နေပြည်တော် ဇန်နဝါရီ ၁၉

ယဉ်ကျေးမှုဝန်ကြီးဌာနသည် ဝန်ထမ်းများ၊ အများပြည်သူများ စိတ်ချမ်းသာ ပျော်ရွှင်ချမ်းမြေ့စေရေးအတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အငြိမ့်သဘင်ဖြင့် ဖျော်ဖြေတင်ဆက်လျက်ရှိရာ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ရှေ့ထွက်မင်းသမီး အိအိလင်း၊ အလယ်ထွက်မင်းသမီး အိအိသန့်၊ ခေါင်းဆောင်မင်းသမီး စန်းနီလာဝင်း၊ လူရွှင်တော်ဝမ်းတူး၊ အာပြဲ၊ ဒိုးလေး၊ ရောင်နီ၊ သောကြာနှင့် ရှာစား ဦးစံရင်တို့ပါဝင်သော မြန်မာ့ရိုးရာယဉ်ကျေးမှု ရွှေမြန်မာအငြိမ့်အဖွဲ့သည် ဇန်နဝါရီ ၁၇ရက် ညနေ ၆ နာရီခွဲက နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ ဖျော်ဖြေတင်ဆက် ကပြသည်။

ကြည့်ရှုအားပေး

ယင်းဖျော်ဖြေတင်ဆက်မှု အစီအစဉ်သို့ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဗိုလ်မှူးချုပ် အောင်မျိုးမင်း၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ထမ်းများနှင့် မိသားစုများ ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင် မလေးရှားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင် ဦးမင်းသိန်းသည် ဇန်နဝါရီ ၁၉ရက်မှ ၂၃ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဂျပန်နိုင်ငံ အခြေစိုက် Association for Overseas Technical Scholarship (AOTS) က ကြီးမှူးကျင်းပသည့် Total Quality Management Introductory Course သင်တန်းသို့ တက်ရောက်ရန် ယမန်နေ့နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၀-၁-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၁၅ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၄၀ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၅:၀၀ ၇။ မျိုးချစ်တပ်မတော်
- ၅:၂၀ ၈။ မြန်မာသံစဉ်ချိုနှားဝင်
- ၅:၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅:၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၄။ လျှပ်တစ်ပြက်
- ၆:၃၅ ၁၅။ ကလေးတို့ကမ္ဘာ ပျော်ရွှင်စရာ
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၁၄)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ မွေးမြူသုတ
- ၂၁။ ဗွီစီဒီကျော်ကြားတေးများ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ္ဍာရီထဲက ပုံပြင်လေးတစ်ပုဒ်** (အပိုင်း-၁၁)

စီးပွားရေးပညာရှင်အဖွဲ့နှင့် တရုတ်ဧည့်သည်အဖွဲ့ ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးအား လာရောက်တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးအား International Development Enterprises (IDE) အဖွဲ့မှ Mr.David Dapcie ဦးဆောင်သော စီးပွားရေးပညာရှင်အဖွဲ့သည် ဇန်နဝါရီ ၁၇ရက် မွန်းလွဲ ၁ နာရီကလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Chinese Academy of Agricultural Mechanization Sciences မှ Mr. Xia baolin ဦးဆောင်သောအဖွဲ့သည် မွန်းလွဲ ၂နာရီခွဲတွင်လည်းကောင်း ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဆည်မြောင်းဦးစီးဌာန ဧည့်ခန်းမသို့ အသီးသီးလာရောက်တွေ့ဆုံကြပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံကြရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ ဦးစီးဌာနများ၊ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

မရမ်းကုန်း၌ မူခင်းကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် အောင်သဇင်ရပ်ကွက် ဆွမ်းလောင်းမဏ္ဍာရုံကြီး၌ ဇန်နဝါရီ ၁၄ရက် ည ၇ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ဝင်း **(ယာပုံ)**က မှုခင်း ကြိုတင်ကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေးတွင် ပြည်သူများ ပူးပေါင်းဆောင်ရွက်ရန်ကိစ္စများ၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးအတွက် အိမ်နီးချင်း စောင့်ရှောက်မှုစနစ်ထွန်းကားရေး အကြောင်းအရာများ၊ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေး အကြောင်းများကို ရပ်ကွက်နေပြည်သူများ သိရှိနားလည်စေရန် ပညာပေးဟောပြောခဲ့သည်။ **(၁၁၁)**

● *ရှေ့ဖုံးမှ*

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ယာဉ်များ စည်းကမ်းတကျ ချောမွေ့စွာ သွားလာနိုင်ရေးနှင့် ကျန်းမာရေး ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပံ့ပိုးကူညီ

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့က လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းများဆောင်ရွက်မှုနှင့် ပံ့ပိုးကူညီဆောင်ရွက်ပေးနေသည်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လုပ်ငန်းကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်မှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရွက်သယ်ပိုးက၊ ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း၊ မဖဲ့စကောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

(ရွှေဟင်္သာဆရာတော်ဘုရားကြီး)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး ဦးစီးကော်မတီ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် လှိုင်သာယာစက်မှုဇုန်(၃)ရှိ နေရှင်နယ်ပရိုက် သစ်အခြေခံစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် သစ်အခြေခံစက်ရုံ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၉

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇန်နဝါရီ ၁၈ရက်တွင် ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုန်(၃)ရှိ နေရှင်နယ်ပရိုက် သစ်အခြေခံစက်ရုံသို့ ရောက်ရှိရာ မန်နေဂျင်းဒါရိုက်တာက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌတို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှု

ထို့နောက် ဝန်ကြီးသည် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကြမ်းခင်း၊ ပါကေးနှင့် တန်ဖိုးမြင့် သစ်ခွဲသားများ ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝါ၊ နေကြာ၊ ပီလောပီနံ၊ ရော်ဘာနှင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး ကချင်ပြည်နယ်(မြစ်ကြီးနား)၌ အသိပညာပေးဟောပြောပွဲများ ကျင်းပ

မြစ်ကြီးနား ဇန်နဝါရီ ၁၉

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးတွဲစီမံကြီးကြပ်ဆောင်ရွက်၍ မြစ်ကြီးနားမြို့ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံး ပြည်နယ်စိုက်/ကြပ်အဖွဲ့၊ မြစ်ကြီးနားခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ကျင်းပသော ဝါ၊ နေကြာ၊ ပီလောပီနံ၊ ရော်ဘာနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေး အသိပညာပေးဟောပြောပွဲကို မြစ်ကြီးနားခရိုင်၊ မိုးညှင်းခရိုင်၊ ဗန်းမော်ခရိုင်၊ ပူတာအိုခရိုင် လေးခရိုင်အတွင်းရှိ မြို့နယ် ၁၈ မြို့နယ်တို့၌ ကျင်းပသည်။

စာပေရေးရာ

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ဝါ၊ နေကြာ၊ ပီလောပီနံ၊ ရော်ဘာနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေး လူထုအသိပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၁၅ရက် မွန်းလွဲ ၂နာရီခွဲက ကျင်းပရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်အုပ်(ကိုယ်စား) အတွင်းရေးမှူး ဦးမျိုးညွန့်က တက်ရောက် အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးပြီး စာရေးဆရာ၊ အယ်ဒီတာ၊ ဒါရိုက်တာ ဖွန်မောင်မောင်က ဝါ၊ နေကြာ၊ ပီလောပီနံ၊ ရော်ဘာနှင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးနှင့် ဆက်နွှယ်သော ဆီထွက်သီးနှံများ၊ နှစ်ရှည်ပင်စိုက်ပျိုးရေး၊ လယ်ယာစိုက်ပျိုးခြင်းနှင့်တွဲဖက်လျက် တစ်နိုင်တစ်ပိုင် ဆိတ်၊ နွား၊ ဘဲ၊ သားငါးမွေးမြူရေး၊ လူသားစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအကြောင်း သုတစာပေရေးရာများကို ဟောပြောလျက် စာရေးဆရာမ ခရေ(ပလော)က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးအကြောင်း ဟောပြောပြီး ခရိုင် အတွင်းရေးမှူး ဦးမျိုးညွန့်က အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပစ္စည်းများကို စာရေးဆရာ၊ အယ်ဒီတာ၊ ဒါရိုက်တာ ဖွန်မောင်မောင်အား ချီးမြှင့်ပေးအပ်သည်။

ဆက်လက်ကျင်းပ

အလားတူ ယင်းစိုက်ပျိုးရေး လူထုအသိပညာပေး စာပေဟောပြောပွဲများကို ကချင်ပြည်နယ်ရှိ ခရိုင် လေးခရိုင်အတွင်း မြို့နယ် ၁၈မြို့နယ်တွင် ဇန်နဝါရီ ၁၅ရက်မှ ဖေဖော်ဝါရီ ၁၅ရက်အထိ၊ စစ်ကိုင်းတိုင်းအတွင်းရှိ ရှစ်ခရိုင်၊ မြို့နယ် ၃၂မြို့နယ်၌ ဖေဖော်ဝါရီ ၂၀ရက်မှ မတ် ၁၀ရက်အထိ၊ ပဲခူးတိုင်းအတွင်းရှိ လေးခရိုင် မြို့နယ် ၂၈မြို့နယ်တွင် မတ် ၁၅ရက်မှ ဧပြီ ၁၀ရက်အထိ စာရေးဆရာ၊ အယ်ဒီတာ ဒါရိုက်တာ ဖွန်မောင်မောင် ဦးစီးသော စာပေ၊ ဂီတ၊ ရုပ်ရှင်အနုပညာရှင်များအဖွဲ့က ပြည်နယ်နှင့် တိုင်းများအတွင်းရှိ တိုင်းရင်းသား ပြည်သူလူထုများအား ဝါ၊ နေကြာ၊ ပီလောပီနံ၊ ရော်ဘာနှင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး အသိပညာပေး စာပေဟောပြောပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(လယ်ယာ/ဆည်မြောင်း)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက် — သန်းသန်းနု ကိုးကားတင်ပြသည်

လွိုင်လင်တွင် အအေးပို၊ ဟားခါး၊ နမ့်စန်နှင့် ပင်လောင်း၌ အေးမြနေဆဲ

ရန်ကုန် ဇန်နဝါရီ ၁၉

ဇန်နဝါရီ ၁၈ရက်က ကမ္ဘာ့နိုင်ငံများ၏ ရာသီဥတုအခြေအနေကို ဖော်ပြရပါလျှင် အိန္ဒိယနိုင်ငံတစ်ဝန်းလုံးတွင် ပျမ်းမျှအပူချိန် ၂၄ဒီဂရီစင်တီဂရိတ်၊ အာဖဂန်နစ္စတန်နိုင်ငံနှင့် နီပေါ၌ ပျမ်းမျှအပူချိန် ၂၂ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။

ဇန်နဝါရီ ၁၈ရက်က ဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေကို ဖော်ပြရပါလျှင် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ကျန်ပြည်နယ်နှင့် တိုင်းတို့၌ အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ မွန်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၅ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့၌ ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့သည်။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့သည်။ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့်ညအပူချိန်များမှာ လွိုင်လင်မြို့တွင် (သုည) ဒီဂရီစင်တီဂရိတ်၊ ဟားခါးမြို့တွင် ၁ဒီဂရီစင်တီဂရိတ်နှင့် လားရှိုး၊ နမ့်စန်၊ ပင်လောင်းတို့၌ ၃ဒီဂရီစင်တီဂရိတ်စီဖြစ်သည်။

ဇန်နဝါရီ ၂၀ ရက် **(ယနေ့)** ပြည်နယ်နှင့် တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများ၌ အများအားဖြင့် သာယာနေမည်ဖြစ်သည်။

သာယာမည်

ဇန်နဝါရီ ၂၀ ရက် **(ယနေ့)** နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် အများအားဖြင့် သာယာမည်ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့်သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား - မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

ယနေ့ မီးဘေးကြိုတင်ကာကွယ်ရေးသည် မနက်ဖြန် မီးဘေးလုံခြုံရေးဖြစ်သည်

ထိုးစစ်ရပ်စဲလိုက်ကြောင်း အစ္စရေးဝန်ကြီးချုပ် အိုလ်မတ်ကြေညာ အစ္စရေးတပ်ဖွဲ့များ ဂါဇာမှ စတင်ရုပ်သိမ်းနေပြီ

ဂျေရုဆလင် ဇန်နဝါရီ ၁၉

ဂါဇာကမ်းမြောင်ဒေသအတွင်းသို့ ဝင်ရောက်တပ်စွဲထားသော အစ္စရေးတပ်ဖွဲ့ဝင်များ စတင်ရုပ်သိမ်းနေပြီဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် အိုလ်မတ်က ဇန်နဝါရီ ၁၉ရက်၌ သတင်းထုတ်ပြန်လိုက်သည်။

အစ္စရေးတပ်ဖွဲ့ဝင်များ စတင်ရုပ်သိမ်းနေပြီဖြစ်ရာ ပါလက်စတိုင်းတို့က ဇန်နဝါရီ ၁၉ရက် ညပိုင်း၌ ဂါဇာစီးတီးမှ ရုပ်သိမ်းနေသော အစ္စရေးတပ်ဖွဲ့ဝင်များကို မြင်တွေ့ရကြောင်း ချယ်နယ်-၂ ရုပ်မြင်သံကြားဌာနက ကြေညာသည်။

ခေတ္တမျှတိုက်ပွဲဖြစ်

စောစောပိုင်းကလည်း ဂါဇာကမ်းမြောင်၌ အစ္စရေး တပ်ဖွဲ့ဝင်များနှင့် ပါလက်စတိုင်းစစ်သွေးကြွများ ခေတ္တမျှတိုက်ပွဲ ဖြစ်ခဲ့သေးသည်ဆို၏။

ပယ်ချ

ဟားမတ်စ်စစ်သွေးကြွအုပ်စုက အပစ်အခတ်ရပ်စဲရေးကို ပယ်ချသော်လည်း မိမိတို့နယ်မြေအတွင်း အစ္စရေးတပ်ဖွဲ့ဝင်များ မရှိလျှင်မိမိတို့အနေဖြင့် ဆက်လက်တိုက်ခိုက်သွားမည်မဟုတ်ကြောင်းကြေညာသည်။

မျက်မြင်တွေ့သူ

ဂါဇာမှလာသော သတင်းတစ်ရပ်တွင် တောင်ပိုင်းဂါဇာစီးတီးရှိ ရဟူဒီရပ်ကွက်ဟောင်း တစ်ခုအတွင်း ဇန်နဝါရီ ၄ရက်က ဝင်ရောက်တပ်ဖွဲ့ခဲ့သည့် အစ္စရေးကြည်းတပ် တင့်ကားများနှင့် အခြားယာဉ်များသည် တနင်္ဂနွေနေ့ မွန်းလွဲပိုင်းတွင် ရုပ်သိမ်းနေပြီဟု မျက်မြင်တွေ့သူများက ပြောဆိုသည်။

ပစ်ခတ်မှုမရပ်မချင်း

အစ္စရေးတို့၏ လေကြောင်းနှင့် မြေပြင်ထိုးစစ်ကို အဆုံးသတ်လိုက်ပြီဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် အိုလ်မတ်က စနေနေ့ညက ကြေညာသည်။

ကြေညာ

သို့သော်လည်း အစ္စရေးတပ်များသည် ပါလက်စတိုင်း စစ်သွေးကြွများက အစ္စရေးနိုင်ငံကို ဒုံးကျည်များဖြင့် ပစ်ခတ်မှု မရပ်မချင်း သိမ်းပိုက်ထားသည့် စခန်းများကို သိမ်းမြဲသိမ်းထားမည်ဟု ကြေညာသည်။

လက်မခံနိုင်

ဟားမတ်စ်နှင့် အစ္စလမ္မစ်ဂျီဟတ် အပါအဝင် ပါလက်စတိုင်း အုပ်စုများက တနင်္ဂနွေနေ့တွင် သတင်းထောက်များထံ ကြေညာချက်များပေးပို့ရာ၌ အစ္စရေးနှင့် မည်သည့် အပစ်အခတ် ရပ်စဲမှုကိုမဆို လက်မခံနိုင်ဘဲ ပယ်ချကြောင်း၊ ဂါဇာဒေသတွင် အစ္စရေးတပ်ဖွဲ့ဝင် တစ်ဦး နောက်ဆုံး ရှိနေသမျှ ကာလပတ်လုံး ဆက်လက် ခုခံတိုက်ခိုက်သွားမည် ဖြစ်ကြောင်း ဖော်ပြထားသည်။

သံချပ်ကာကားများရှိနေ

ဂါဇာကမ်းမြောင် အရှေ့ပိုင်းနှင့် မြောက်ပိုင်းအကြား နယ်စပ်အနီးတွင် အစ္စရေး ကြည်းတပ် သံချပ်ကာကားများရှိနေသေးသည်ဟု ထိုနေရာရှိ ပါလက်စတိုင်းဒေသခံများက ပြောဆိုသည်။ ထိုဒေသမှ အစ္စရေးတပ်ဖွဲ့ဝင်များ ရုပ်သိမ်းမပြီးသေးဟုလည်း အစ္စရေးဘက်က ကြေညာသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုန်ပြည်နယ်ရှိ ကင်ဒါအိုဆိပ်ကမ်းမြို့ တိုင်တုံလမ်းမတွင် အချိုရည် သတ္တုဘူးခွံများဖြင့် နွားတစ်ကောင်ပုံသဏ္ဌာန်ပြုလုပ်ပြသထားသည်ကို ဇန်နဝါရီ၁၈ရက်ကတွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကဘူးလ်၌ အသေခံကားဗုံးခွဲမှု အမေရိကန်တပ်ဖွဲ့ဝင် ခြောက်ဦးဒဏ်ရာရရှိ

ကဘူးလ် ဇန်နဝါရီ ၁၉

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တော်၌ ဇန်နဝါရီ၁၈ရက် နံနက်ပိုင်းက အသေခံကားဗုံးခွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန် ဦးဆောင်သည့် မဟာမိတ်တပ်ဖွဲ့မှ အရာရှိများက ပြောကြားသည်။

အဆိုပါအသေခံကားဗုံးခွဲ တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးခြင်းမရှိသော်လည်း အမေရိကန်တပ်ဖွဲ့ဝင် ခြောက်ဦးမှာ အရပ်သား ၁၇ဦးနှင့်အတူ ဒဏ်ရာရရှိသွားသည်။

ကြေညာ

စောစောပိုင်းကမူ အသေခံဗုံးခွဲမှုတွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး ၁၂ဦး ဒဏ်ရာရရှိကြောင်း မဟာမိတ်တပ်ဖွဲ့၏ ကြေညာချက်၌ ဖော်ပြပါရှိသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ စစ်သွေးကြွ ၁၃ ဦး သေဆုံး

အစ္စလမ္မာဘတ် ဇန်နဝါရီ ၁၉

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း လူမျိုးစုများ နေထိုင်ရာဒေသတွင် ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် စစ်သွေးကြွ ၁၃ဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ ရုပ်မြင်သံကြားသတင်းဌာနက ဇန်နဝါရီ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ထုတ်ပြန်ကြေညာ

အဆိုပါ စစ်သွေးကြွများသည် ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း လတ်ခ်ရှိ၊ ဆန်ခေးလ်ဒေသ လူမျိုးစုများ နေထိုင်ရာ မို့ချ်မန်းအရပ်၌ ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားရာမှ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ပုဂ္ဂလိကပိုင် ဂျီအိုရုပ်မြင်သံကြား သတင်းဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

ပါကစ္စတန်လုံခြုံရေး တပ်ဖွဲ့ဝင်များသည် စစ်သွေးကြွများ ခိုအောင်းရာဒေသသို့ လက်နက်ကြီးများဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့စဉ်တွင် စစ်သွေးကြွများ၏ ပစ်ခတ်မှုကြောင့် တပ်ဖွဲ့ဝင်နှစ်ဦးလည်း ဒဏ်ရာရရှိခဲ့သည်။

တင်းကျပ်စွာချထား

လူမျိုးစုများ နေထိုင်ရာ မို့ချ်မန်းအရပ်တွင် လုံခြုံရေးများကို တင်းကျပ်စွာ ချထားကြောင်း သတင်း၌ ဖော်ပြသည်။

အယ်လ်ခိုင်ဒါများနှင့် တာလီဘန်စစ်သွေးကြွများအတွက် ဘေးကင်းကင်းဖြင့် နေထိုင်လှုပ်ရှားနေသည်ဟု ယူဆရသော ပါကစ္စတန်နှင့် အာဖဂန်နယ်စပ်ဒေသများတွင် ပါကစ္စတန်လုံခြုံရေး တပ်ဖွဲ့ဝင်များသည် စစ်ဘက်ဆိုင်ရာ ထိုးစစ်ဆင်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်တွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းမှုကြောင့် နန်ဒေမန် အမျိုးသားပြတိုက်ရှေ့၌ တင်ကျန်နေသော ဆီးနှင်းခဲများအား ရှင်းလင်းဖယ်ရှားနေသည်ကို ဇန်နဝါရီ ၁၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

မဟာမိတ်တပ်ဖွဲ့ရဟတ်ယာဉ် အာဖဂန်၌အရေးပေါ်ဆင်းသက်ခဲ့ရ

ကဘူးလ် ဇန်နဝါရီ ၁၉

အာဖဂန်နစ္စတန်မှ အမေရိကန်ဦးဆောင်သည့် မဟာမိတ်တပ်ဖွဲ့၏ စီအိတ်ချ်-၄၇ ရဟတ်ယာဉ်တစ်စင်း ဇန်နဝါရီ ၁၇ရက် မွန်းလွဲပိုင်းက အရေးပေါ် ခက်ခက်ခဲခဲ ဆင်းသက်ရသည့်အတွက် ထိခိုက်ဒဏ်ရာရရှိမှုများရှိကြောင်း မဟာမိတ်တပ်ဖွဲ့က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြပါရှိသည်။

ဒဏ်ရာရရှိ

နိုင်ငံတကာ လုံခြုံမှုကူညီရေးတပ်ဖွဲ့ဝင်များကို စစ်ရေးအထောက်အကူ ပေးနေသည့် အဆိုပါစီအိတ်ချ်-၄၇ ရဟတ်ယာဉ်သည် အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် ဇန်နဝါရီ ၁၇ရက် မွန်းလွဲပိုင်းက ခက်ခက်ခဲခဲ ဆင်းသက်ခဲ့ရသည်။ မည်သည့်အတွက် ဆင်းသက်ခဲ့ရသည်ကိုမူ ကြေညာချက်၌ ဖော်ပြမထားပေ။ ထို့ပြင် မည်မျှဒဏ်ရာရရှိသူ ဦးရေ ကိုလည်း မဖော်ပြဟုသိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မတော်တဆဖြစ်၍ သေဆုံးခဲ့ရသူ တရုတ်နိုင်ငံ၌ ၂၀၀၈ခုနှစ်အတွင်း ၉၁၀၀၀ကျော်ရှိခဲ့

ပေကျင်း ဇန်နဝါရီ ၁၉

တရုတ်နိုင်ငံ၌ ၂၀၀၈ခုနှစ်အတွင်း သွားရင်းလာရင်း မတော်တဆဖြစ်မှုနှင့် လုပ်ငန်းခွင် မတော်တဆဖြစ်မှုပေါင်း ၄၁၃၇၅၂ခုရှိပြီး ထိုမတော်တဆဖြစ်မှုကြောင့် သေဆုံးသူပေါင်း ၉၁၁၇၂ဦးရှိကြောင်းလုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး အရာရှိတစ်ဦးက ဇန်နဝါရီ ၁၆ ရက်တွင် ပြောကြားသည်။

လျော့နည်း

လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး အစီအမံများ တိုးချဲ့ဆောင်ရွက်ပေးသည့်အတွက် ၂၀၀၈ခုနှစ်အတွင်း မတော်တဆဖြစ်မှုမှာ ၂၀၀၇ခုနှစ်ကထက် ၁၈ ဒသမ ၃ရာခိုင်နှုန်း လျော့ပြီး သေဆုံးသူဦးရေမှာလည်း ၂၀၀၇ခုနှစ်ကထက် ၂၀၀၈ ခုနှစ်တွင် ၁၀ဒသမ၂ရာခိုင်နှုန်း လျော့နည်းသွားသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ



ပျက်စီး

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသောကားများအား ဇန်နဝါရီ ၁၈ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံမြို့တော် ပေကျင်းတွင်ကျင်းပသော ရိုးရာအစားအစာနှင့် သစ်သီးအလှပြပွဲ၌ သကြားသုတ်လိမ်းထားသော သစ်သီးများ ပြုလုပ်ထားသည်ကို ဇန်နဝါရီ ၁၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်ကို တိုးမြှင့်ဖြည့်ဆည်းပေးနိုင်ရန်

မအူပင်ဒေသရှိ ရွှေပင်အစမ်းတွင်းအမှတ်(၁) စတင်တူးဖော်

နေပြည်တော် ဇန်နဝါရီ ၁၉

စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်ကို တိုးမြှင့်ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပြည်ပမှ ဝယ်ယူထားသော ပေနက်တွင်းတူးစက်သစ်များနှင့် ပညာရှင်များကို အသုံးပြု၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရရှိရန် အလားအလာကောင်းမွန်သောနေရာများ၌ အစမ်းတွင်းများကို ကြိုးပမ်းတူးဖော်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိသည့် ပေနက်အစမ်းတွင်းများအနက် ဧရာဝတီတိုင်း မအူပင်ဒေသရှိ ရွှေပင်အစမ်းတွင်း အမှတ်(၁) စတင်တူးဖော်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် အဆိုပါ အစမ်းတွင်း၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေး တက်ရောက်သည်။

စတင်တူးဖော်

ရှေးဦးစွာ တွင်းတူးစင်ပေါ်၌ ဒုတိယဝန်ကြီးနှင့် နိုင်ငံခြားသားပညာရှင် Mr. Zhang Yingzh တို့က မင်္ဂလာအချိန်တွင် တွင်းတူးစက်မောင်း ခလုတ်ကိုနှိပ်၍ စတင်တူးဖော်ပေးသည်။

ဆွေးနွေးမှာကြား

ထို့နောက် ရှင်းလင်းဆောင်၌ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ပညာရှင်များ၊ တာဝန်ရှိသူများက အစမ်းတွင်း ပြင်ဆင်မှုနှင့် ပတ်သက်သည်များ၊ တိုင်းထွာရရှိထားသော ဘူမိဗေဒနှင့် ဘူမိဗေဒဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အောင်မြင်ပြီးမြောက်အောင် ဝန်ထမ်းအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် ပြည်ပမှ ပညာရှင်များနှင့်အတူ တိုးတက်လာသော နည်းပညာသစ်များကို လေ့လာသင်ယူသွားကြရန် ဆွေးနွေးမှာကြားသည်။

ရွှေပင်အစမ်းတွင်း(၁)ကို ပြည်ပမှ မှာယူရောက်ရှိလာသည့် ZJ 50 DSR-1 (CHINA) စက်အမျိုးအစားဖြင့် အနက်ပေ ၁၃၀၀၀အထိ တူးဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ဒုတိယဝန်ကြီးသည် ဇန်နဝါရီ၁၈ရက်တွင် မြန်မာ့ရေနံနှင့်သဘာဝ ဓာတ်ငွေ့လုပ်ငန်း၏ ရွှေပြည်သာရေနံမြေသို့ရောက်ရှိကာ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် မြန်အောင်ရေနံမြေ ပစ္စည်းတင်ချဆိပ်ကမ်း၌ မြန်အောင်မြို့နယ် ညောင်ကျင်းဒေသတွင် တူးဖော်မည့် တွင်းတူးစက် National 55/3 ရွှေ့ပြောင်းနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ ရေနံမြေမန်နေဂျာနှင့် တာဝန်ရှိသူများအား လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စတင်တူးဖော်

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် နိုင်ငံခြားသား ပညာရှင် Mr.Zhang Yingzh တို့ မအူပင်ဒေသရှိ ရွှေပင်အစမ်းတွင်းအမှတ်(၁) စတင်တူးဖော်ခြင်းအခမ်းအနားတွင် တွင်းတူးစက်မောင်းခလုတ်ကိုနှိပ်၍ စတင်တူးဖော်ပေးကြစဉ်။ (သတင်းစဉ်)

ဇန်နဝါရီ ၁၉ရက်က နှစ်(၆၀)ပြည့် လာအိုပြည်သူ့တပ်မတော်နေ့ အထိမ်းအမှတ်ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စစ်သံမှူး Colonel Khamsy VONGKHAMSAO က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အာရှနိုင်ငံအချို့၏ ရာသီဥတုအခြေအနေ

စုစည်းတင်ပြသူ- မောင်ချစ်ကြည်

ရန်ကုန် ဇန်နဝါရီ ၁၉

အာရှနိုင်ငံအချို့တွင် ဇန်နဝါရီ ၁၉ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေနှင့် နောက်နှစ်ရက်အတွက် ဖြစ်နိုင်ဖွယ်ရှိသော ရာသီဥတု အခြေအနေများကို အင်တာနက်မှ ရယူကာ စုစည်းဖော်ပြပေးလိုက်ပါသည်-

တရုတ်

တရုတ်နိုင်ငံတစ်ဝန်းတွင် ဇန်နဝါရီ ၁၉ရက်က ပျမ်းမျှ အပူချိန် ၁၀ဒီဂရီ စင်တီဂရိတ်သာ ရှိခဲ့သည်။ မြို့တော်ပေကျင်းတွင် ဇန်နဝါရီ ၁၉ရက်က ညအပူချိန် ၄ ဒီဂရီ စင်တီဂရိတ်အထိ ရှိခဲ့ပြီး အချို့နေရာများ၌ ဆီးနှင်းများ ကျဆင်းခဲ့သည်။ တရုတ်နိုင်ငံ မြောက်ပိုင်းဒေသများတွင် ညပိုင်းအအေးပိုခဲ့ပြီး လေအေးများ တိုက်ခတ်ခဲ့သည်။ တရုတ်နိုင်ငံ အနောက်ပိုင်းဒေသများတွင် ဆီးနှင်းများ သိပ်သည်းစွာ ကျဆင်းခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်နိုင်ငံလုံး၌ အပူချိန်များ ဆက်လက်ကျဆင်းပြီး မြောက်ပိုင်းဒေသများ၌ အအေးလှိုင်းကျဖွယ်ရှိသည်။ တရုတ်ကမ်းလွန်ပင်လယ်ပြင်တွင် ပုံမှန်ရာသီဥတုသာရှိမည်။

တောင်ကိုရီးယားနိုင်ငံ

တောင်ကိုရီးယားနိုင်ငံတွင် ဇန်နဝါရီ၁၉ရက်က တစ်နိုင်ငံလုံး အအေးပိုခဲ့သည်။ မြို့တော်ဆိုးလ်တွင်အပူချိန် ၆ဒီဂရီစင်တီဂရိတ်ရှိခဲ့ပြီး ဆီးနှင်းများအဆက်မပြတ်ကျဆင်းခဲ့သည်။ ဘူဆန်မြို့တွင်လည်း ဇန်နဝါရီ ၁၉ရက်က အပူချိန် ၇ဒီဂရီစင်တီ ဂရိတ်ရှိခဲ့ပြီး အချို့နေရာများ၌ ဆီးနှင်းများထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့သည်။ တောင်ကိုရီးယားနိုင်ငံ၏နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တောင်ကိုရီးယားကမ်းလွန်တွင် တစ်နာရီမိုင် ၅၀နှုန်းရှိ လေပြင်းများတိုက်ခတ်ပြီး လှိုင်းကြီးနိုင်သည်။ အရှေ့တောင်ဘက်နှင့် အရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ ၂ဒီဂရီစင်တီဂရိတ်အထိကျဆင်းနိုင်ကြောင်း ဖော်ပြထားသည်။

ဂျပန်

ဂျပန်နိုင်ငံမြို့တော် တိုကျို၌ ဇန်နဝါရီ ၁၉ရက်က အပူချိန် ၁၅ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ တစ်နိုင်ငံလုံးတွင် ပျမ်းမျှအပူချိန်မှာ ၁၆ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ ဂျပန်မြို့ကြီးများဖြစ်သော ယိုကိုဟားမားနှင့် ကိုဘေးမြို့တို့တွင် အပူချိန် ၁၃ဒီဂရီစင်တီဂရိတ်ရှိခဲ့ပြီး ညအပူချိန်များမှာကျဆင်းကာ အအေးပိုခဲ့သည်။ ဂျပန်နိုင်ငံအတွက် နောက်နှစ်ရက်ခန့်မှန်းချက်မှာ ဂျပန်ကမ်းလွန် ပင်လယ်ပြင်၌ လှိုင်းမကြီး လေမထန်ဘဲ ပုံမှန်အခြေအနေရှိနေမည်။ ဂျပန်ကမ်းရိုးတန်းဒေသများ၌မူ မိုးအနည်းငယ်ရွာနိုင်သည်။ ဂျပန်နိုင်ငံ အလယ်ပိုင်းဒေသများ၌ ညအချိန်အအေးပိုလာမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အိန္ဒိယ

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ဇန်နဝါရီ ၁၉ ရက်က အပူချိန် ၁၉ ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ အိန္ဒိယ နိုင်ငံတစ်ဝန်း၌ ပျမ်းမျှအပူချိန် ၂၀ ဒီဂရီစင်တီဂရိတ်ရှိခဲ့ပြီး တချို့ဒေသများ၌ အအေးပိုခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ အိန္ဒိယတစ်နိုင်ငံလုံးတွင် အပူချိန်များ အနည်းငယ် ပြန်လည်မြင့်တက်လာဖွယ်ရှိသည်။ တစ်နိုင်ငံလုံးအနေဖြင့် ပျမ်းမျှအပူချိန် ၂၄ ဒီဂရီစင်တီဂရိတ်ခန့်ရှိနေမည်ဖြစ်သော်လည်း အနောက်ပိုင်းဒေသများ၌ မိုးအနည်းငယ်ရွာသွန်းဖွယ်ရှိသည်။ အိန္ဒိယနိုင်ငံကမ်းလွန်တွင် တစ်နာရီလျှင်မိုင် ၄၀နှုန်းဖြင့် လေပြင်းများ တိုက်ခတ်နိုင်ပြီး လှိုင်းကြီးနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ။

ကိုးကား-အင်တာနက်

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

ဘရာဇီးနိုင်ငံ ဆော်ပေါ်လို၌ အဆောက်အအုံပြိုကျ ကိုးဦးသေဆုံး၊ ၉၃ဦးဒဏ်ရာရရှိ

ဆော်ပေါ်လို ဇန်နဝါရီ ၁၉

ဘရာဇီးနိုင်ငံ ဆော်ပေါ်လိုမြို့တွင် ဇန်နဝါရီ၁၉ရက် ဒေသစံတော်ချိန် ည၇နာရီခန့်က အဆောက်အအုံတစ်လုံးပြိုကျခဲ့ရာ ကိုးဦးသေဆုံးပြီး ၉၃ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဘရာဇီးနိုင်ငံရဲတပ်ဖွဲ့က ပြောကြားသည်။

ဖယ်ရှားကယ်ဆယ်

အဆိုပါ အဆောက်အအုံမှာ သက်တမ်းရင့် အဆောက်အအုံတစ်လုံးဖြစ်ပြီး မည်သည့်အတွက်ကြောင့် ပြိုကျမှုဖြစ်ပွားခဲ့ခြင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ အပျက်အစီးများကြားမှ သေဆုံး၊ ဒဏ်ရာရသူများကို ကယ်ဆယ်လျက်ရှိသည်။ သေဆုံးသူအများစုမှာ အမျိုးသမီးများဖြစ်ကြောင်း သိရသည်။

နယူးဇီလန်မြောက်ပိုင်း၌ အင်အားပြင်းငလျင်လှုပ်

ဝယ်လင်တန် ဇန်နဝါရီ ၁၉

နယူးဇီလန်နိုင်ငံမြောက်ပိုင်း ကာမာဒက်ကျွန်းတွင် ဇန်နဝါရီ၁၉ရက်က အင်အားရစ်ချ်တာစကေး၆ဒသမ၇ ရှိသော မြေငလျင်လှုပ်သွားကြောင်း နယူးဇီလန်နိုင်ငံ မိုးလေဝသဌာနမှ သတင်းထုတ်ပြန်သည်။

လှုပ်သွား

ငလျင်ဗဟိုမှာ နယူးဇီလန်နိုင်ငံ အော့ကလန်မြို့ အရှေ့မြောက်ဘက် ရာအူးလ်ကျွန်းကမ်းလွန်၌ လှုပ်သွားခြင်းဖြစ်သည်။ ထိခိုက်ဒဏ်ရာရရှိမှု သတင်းမရသေးဟု ဆိုသည်။

ကိုယ်ပွားသတင်းစာတိုက် တောင်ကြီး မီးဘေးကာကွယ်ရေး ဟောပြော၊ သရုပ်ပြ

တောင်ကြီး ဇန်နဝါရီ ၁၉

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် တောင်ကြီး မီးဘေးကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးအသုံးပြု မီးငြိမ်းသတ်ခြင်းနှင့် လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ပွားမှု ကာကွယ်ရေးအတွက် ဟောပြောပွဲနှင့် သရုပ်ပြပွဲကို ဒီဇင်ဘာ၂၉ရက် နံနက်၉နာရီက သတင်းစာတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် မီးသတ်တပ်ဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုးက မီးသတ်ဆေးဘူးအရည်နှင့် အခြောက်ဘူးများ အသုံးပြုပုံ၊ ထားသိုမှုစနစ်နှင့် လက်တွေ့ကိုင်တွယ် ငြိမ်းသတ်မှုအားလည်းကောင်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ လျှပ်စစ်ကျွမ်းကျင်(ပ) ဦးအောင်သန်းဝင်းက ဝိုင်ယာရှော့ဖြစ်ပွားနိုင်မှု အခြေအနေများကို ရှင်းလင်းဟောပြောခဲ့ပြီး တာဝန်ခံအရာရှိ ဦးနိုင်ထွန်းက သတင်းစာတိုက်နှင့် ဝန်ထမ်းအိမ်ရာ မီးဘေးကာကွယ်ရေး ဆောင်ရွက်ထားမှုများအား ရှင်းလင်းတင်ပြသည်။ ထို့နောက် မီးသတ်တပ်ဖွဲ့မှူးနှင့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများက ဝိုင်ယာကြိုး သွယ်တန်းထားမှုနှင့် မီးခလုတ်ခုံများ၊ မိန်းများနှင့် မီးလောင်လွယ်သည့် ပစ္စည်းများထားသိုမှု အခြေအနေများကို စစ်ဆေးအကြံပြု ပြောကြားခဲ့သည်။

(တောင်ကြီး-ကိုယ်ပွား)

မီး

အစဉ်သတိပြု

မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စက်မှုအသင်းဥက္ကဋ္ဌတို့တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌဦးဇော်မင်းဝင်း၊ အထွေထွေအတွင်းရေးမှူးဦးစိန်ဝင်းလှိုင်၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးနှင့် ဗဟိုအလုပ်အမှုဆောင်ဦးထွန်းအောင်တို့အား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စစ်တကောင်းအမျိုးသမီးကုန်သည်များနှင့် စက်မှုအသင်းဥက္ကဋ္ဌ Mrs. Monowara Hakim Ali နှင့် Mr. H.M Hakim Ali (Honorary Consul of Myanmar at Chittagong) တို့သည် ရန်ကုန်မြို့ရှိ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးသံမှူးနှင့်အတူ ဇန်နဝါရီ၆ရက်က ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံကြသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ စီးပွားရေးလုပ်ငန်းများပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စ၊ နယ်စပ် ကုန်သွယ်မှုလုပ်ငန်းများဆိုင်ရာကိစ္စ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ကျင်းပမည့် ကုန်ပစ္စည်းပြပွဲများသို့ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များလာရောက်ပြသရေးနှင့် ကုန်ပစ္စည်းပြပွဲများပူးပေါင်းကျင်းပရေးကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

လှည်းကူးမြို့နယ်၌ နွေစပါးစိုက်ပျိုးနေမှုများ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ကြည့်ရှုအားပေး

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ဇန်နဝါရီ ၁၇ရက် မွန်းလွဲ၂နာရီခွဲက ရန်ကုန်တိုင်း လှည်းကူးမြို့နယ် အုန်းနဲ့ကုန်းကျေးရွာ ဝါးနက်ကုန်းတောင်ကွင်း ကွင်းအမှတ် (၁၃၀၀-အေ)ရှိ လယ်သမားကြီးဦးထွန်း၏ နွေစပါးစိုက်ကွင်း၌ စပါးမျိုးကောင်းမျိုးသန့်နမူနာများ၊ စပါးမျိုးယှဉ်ပြိုင်စမ်းသပ်ကွက်နှင့် စိုက်စနစ်ယှဉ်ပြိုင်စမ်းသပ်ကွက်များ၊ ခေတ်မီလေးတန်းသွား ကောက်စိုက်စက်များဖြင့် စိုက်ပျိုးနေမှုများ၊ မြေဆွေးပြုလုပ်နေမှုများ၊ တမန်းနှိုးဆောင်ရွက်နေမှုများ၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ စုပေါင်းကြဲပက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် လှည်းကူးမြို့နယ် လက်ပံလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ငမိုးရိပ်လျှပ်စစ်မြစ်ရေတင် စီမံကိန်း၊ အမှတ်(၄)ဆင်ဖုံလျှပ်စစ်ရေတင်စီမံကိန်း၊ မလစ်လျှပ်စစ်ရေတင်စီမံကိန်းနှင့် ငွေနံ့သာလျှပ်စစ်ရေတင်စီမံကိန်းတို့သို့ သွားရောက်ပြီး ပင်မမြောင်းအတွင်း ရေပို့လွှတ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုဦးစီးအဖွဲ့ အတွေ့အကြုံရှင်းလင်း

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲနှင့် စာပေဟောပြောပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ရက် နံနက် ၁၁နာရီခွဲက သဃ်န်းကျွန်းမြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိန်ညွန့်(မောင်နေမျိုး)၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ နာယက ဦးဘသန်း(မဟာဝိဇ္ဇာ)နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်အောင်ဝင်းတို့က အမှာစကား ပြောကြားကြသည်။

သဝဏ်လွှာဖတ်ကြား

ထို့နောက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)ဥက္ကဋ္ဌထံမှ ပေးပို့သော စာဆိုတော်နေ့သဝဏ်လွှာကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးဘသစ် (ဘသစ်ထူး)က ဖတ်ကြားပြီး စတုတ္ထအကြိမ် ဗဟိုဦးစီးအဖွဲ့အစည်းအဝေး အတွေ့အကြုံများကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ကြည်(ရေနံ့မြေမောင်မောင်ကြည်)က ရှင်းလင်း ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ ဥက္ကဋ္ဌဦးစိန်ညွန့်(မောင်နေမျိုး)က လက်ခံယူပြီး ဂုဏ်ပြုလွှာများ ပေးအပ်သည်။

ဟောပြော

ယင်းနောက် ကျေးဇူးကြီးလှမိနှင့်ဖခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲကို ဆက်လက်ကျင်းပရာ စာရေးဆရာများဖြစ်ကြသော ဆရာမင်းယုဝေ၊ ဒေါက်တာခင်မောင်ညိုနှင့် ခင်မောင်ညို(ဘောဂဗေဒ)တို့က ဟောပြောကြကြောင်း သိရသည်။

(အပေါ်ပုံ) (၁၂၁)

အဖျောက် အထက အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် အဖျောက်မြို့ အထကမှ အသက်(၆၀)နှင့်အထက် ဆရာကြီး ဆရာမကြီးများအား အာစရိယ ပူဇော်ပွဲကို ဇန်နဝါရီ၁၁ရက် နံနက်၉နာရီက အဖျောက်အထက ကံ့ကော်ခန်းမဆောင်၌ ကျင်းပသည်။

ပူဇော်ကန်တော့

အခမ်းအနားတွင် အဖျောက်အထကမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးဇော်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ကဗျာဆရာ အဖျောက်မြေ မောင်ဆွေမွန်၊ စန်းရှိန်သစ်(မန်းတက္ကသိုလ်)နှင့် ရေပူစန်း(အဖျောက်မြေ)တို့က မြတ်ဆရာကျေးဇူး ကဗျာများဖြင့် ပူဇော်ကန်တော့ကြသည်။ ထို့နောက် ဆရာဦးစိုးတင့်က ကန်တော့ချိုးတိုင်ပေးပြီး ကန်တော့ခံ ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ကြသည်။

ဆုံးမစကား

ထို့နောက် ကန်တော့ခံ ဆရာကြီး ဆရာမကြီးများကိုယ်စား ဆရာကြီးဦးဝင်းလှိုင်ထိန်က ဆုံးမစကားပြောကြားကြောင်း သိရသည်။

(ပညာရေး)

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက် (၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

၂။ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက် ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး။

၄။ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရေး။

၅။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

မိခင်နှင့်ကလေးပြိုင်ပွဲ ဆုချီးမြှင့်

တာချီလိတ် ဇန်နဝါရီ ၁၉

တာချီလိတ်ခရိုင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးနှင့်မိခင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်း အဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းမြင့်၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းအေးနှင့် အမှုဆောင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သန်းရွှေနှင့် အမှုဆောင်များ၊ ပြိုင်ပွဲဆုရ ကလေးနှင့်မိခင်များ၊ ဖိတ်ကြားထားသူများတက်ရောက်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ခဲ့ကြသည်။

(၀၁၆)

ဇန်နဝါရီ၁၈ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင်တာမွေမြို့နယ်တာမွေကြီး(ခ)ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ရပ်ကွက်အတွင်းရှိ ရေနုတ်မြောင်းများ ရှင်းလင်းခြင်း၊ ရေစည်အိုးများ ကာကွယ်ဆေးဖျန်းခြင်း၊ ခြင်ထောင်ဆေးစိမ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးစိန်မောင်ဝင်း၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်မိမိတင်နှင့် မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူးဦးသန်းဝင်းတို့က ကြည့်ရှုအားပေးရာ ရပ်ကွက်ဥက္ကဋ္ဌဦးအောင်ဆန်းကြွယ်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများက ရပ်ကွက်အတွင်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြသစဉ်။ (၁၇၁)

ပါဝါစိန်ရွှေရတနာဆိုင် နေရာပြောင်းရွှေ့ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်မြို့ ပြည်လမ်း စိန်ဂေဟာ၌ ဖွင့်လှစ်ထားသော ပါဝါစိန်ရွှေရတနာဆိုင်ကို ရန်ကုန်မြို့ အမှတ် ၀၁/၀၂ တိုက်(A) လမ်းမတော်ကွန်ဒို မဟာဗန္ဓုလလမ်းရှိ လမ်းမတော်မီးပွိုင့်အနီးသို့ ပြောင်းရွှေ့ဖွင့်လှစ်သည့် အခမ်းအနားကို ယမန်နေ့နံနက်၈နာရီက အဆိုပါဆိုင်ခန်းသစ်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဖွင့်ပွဲအခမ်းအနားတွင် ပါဝါစိန်ရွှေရတနာဆိုင် မန်နေဂျင်း ဒါရိုက်တာ ဒေါ်လတ်လတ်က ဖွင့်ပွဲအထိမ်းအမှတ် ဖဲကြိုးကိုဖြတ်၍ ဆိုင်ခန်းသစ်ကို ဖွင့်လှစ်ပေးသည်။ (ယာပုံ)

ယခု ဖွင့်လှစ်လိုက်သော ပါဝါစိန်ရွှေရတနာဆိုင်တွင် အခေါက်ရွှေထည်ပစ္စည်းများ၊ ၁၅ပဲရည်ပြည့် ရွှေထည်ပစ္စည်းများ၊ နိုင်ငံတကာ လက်ရာမီ အရည်အသွေးပြည့် စိန်ထည်ပစ္စည်းများ၊ ပလက်တီနမ်နှင့် ၁၈ကေရက် White Gold လက်ဝတ်ရတနာမျိုးစုံကို အထူးအာမခံဖြင့် စုံလင်စွာ ခင်းကျင်းရောင်းချပေးသွားမည် ဖြစ်သည်။

ရောင်းချ

ဖွင့်ပွဲကျင်းပသည့်ရက်မှ ဇန်နဝါရီ ၂၅ရက်အထိ ရွှေထည်ပစ္စည်းများကို ပန်းထိမ်အလျော့တွက်အတိုင်းဖြင့် လည်းကောင်း၊ White Gold လက်ဝတ်ရတနာများနှင့် စိန်ထည်ပစ္စည်းလက်ဝတ်ရတနာများကို ၁၀ရာခိုင်နှုန်းအထိ အထူးနှုန်းဖြင့် လည်းကောင်း ရောင်းချပေးသွားမည် ဖြစ်သည်။

ပါဝါစိန်ရွှေရတနာညီနောင်ဆိုင်ခန်းများအဖြစ် အမှတ်၆၇၁ မဟာဗန္ဓုလလမ်း လမ်း၂၀ထိပ် လသာမြို့နယ် ရန်ကုန်မြို့တွင် လည်းကောင်း၊ အမှတ် ၆၀၁ မဟာဗန္ဓုလလမ်း ၂၄လမ်းထိပ် လသာမြို့နယ် ရန်ကုန်တွင် လည်းကောင်း ဖွင့်လှစ် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

နွေစပါး သတ်မှတ်လျာထားချက် ပြည့်မီရန်စိုက်ပျိုးရေး နောင်ချိုမြို့နယ်တွင် လုပ်ငန်းညှိနှိုင်း စည်းဝေး

နောင်ချို ဇန်နဝါရီ ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ၂၀၀၈-၂၀၀၉ခုနှစ် နွေစပါးသတ်မှတ်လျာထားချက် ပြည့်မီအောင်မြင်စွာ စိုက်ပျိုးရေးအတွက် မြို့နယ်မြေစာရင်းဦးစီးဌာနမှ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဝန်ထမ်းများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၆ရက် နံနက် ၁၀နာရီက မြို့နယ်မြေစာရင်း ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းဆွေးနွေး

အခမ်းအနားတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)မြေစာရင်း ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်း ကျောက်မဲခရိုင်မြေစာရင်း ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြတ်သုဝေ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်တို့က နောင်ချိုမြို့နယ်အတွင်း နွေစပါးသတ်မှတ်လျာထားချက် ပြည့်မီအောင်မြင်စွာ စိုက်ပျိုးနိုင်ရေးနှင့်နောင်ချိုမြို့နယ် မြေစာရင်းဦးစီးဌာန ဝန်ထမ်းများစာရင်းနှင့် မြေကြီး၊ မြေပုံမှန်ကန်စွာထားရှိနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။ **(အပေါ်ပုံ)** (၀၂၅)

ညောင်တုန်းအထက(၁)၌ ပညာရေးစုံညီပွဲတော်ကျင်းပ အနုပညာစွမ်းရည်ပြိုင်ပွဲ ဆုရသူများ ဆုချီးမြှင့်

ညောင်တုန်း ဇန်နဝါရီ ၁၉

ညောင်တုန်းမြို့နယ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ရက်က ညောင်တုန်းမြို့ အထက(၁)လှိုင်ပညာခန်းမ၌ ကျင်းပသည်။

အဖွင့်အမှာစကား

အခမ်းအနားကိုနယ်မြေ(၁)ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းတေးသီချင်းဖြင့် စတင်ဖွင့်လှစ်ပေးပြီး မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်တင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်ကျင်းပ

ဆက်လက်၍ ပညာရေးနယ်မြေအသီးသီးမှ ကျောင်းသားကျောင်းသူများက အနုပညာဖျော်ဖြေမှုများနှင့် တင်ဆက်ဖျော်ဖြေပြီး အနုပညာစွမ်းရည်ပြိုင်ပွဲများပါ ဆက်လက်ကျင်းပသည်။

ဆုချီးမြှင့်

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်တင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းမြင့်၊ အတွင်းရေးမှူး ဦးကိုကိုမောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်စန်းငွေ **(အပေါ်ယာပုံ)**၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးစိန်

ကြည်ဦး၊ အထက(၁)ကျောင်းအုပ်ဆရာမကြီး ဒေါ်စံဝင်းဖြူ၊အထက(၂)ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်သန်းနှင့် တာဝန်ရှိသူများက နိုင်ငံတော်အဆင့်၊ တိုင်းအဆင့်၊ မြို့နယ်အဆင့် ထူးချွန်ထက်မြက်ဆုရ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ် ချီးမြှင့်ကြသည်။

အနုပညာစွမ်းရည်ပြိုင်ပွဲတွင် ပညာရေးနယ်မြေ(၇)က ပထမ၊ နယ်မြေ(၃)က ဒုတိယနှင့် နယ်မြေ(၁)က တတိယဆုများ ရရှိကြရာ ဆုရနယ်မြေများနှင့် အထူးဆုရနယ်မြေများအား မြို့နယ်ပညာရေးမှူး ဒေါ်စန်းငွေက ဆုများပေးအပ်ချီးမြှင့်ပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။

ဖျော်ဖြေ

ထို့နောက် ဆုရကျောင်းသားကျောင်းသူများက ပြန်လည်တင်ဆက်ဖျော်ဖြေပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ (၁၅၂)

လပွတ္တာခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ် ဖွဲ့စည်းရေး အခမ်းအနား ကျင်းပ

လပွတ္တာ ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်(လပွတ္တာခရိုင်)ဖွဲ့စည်းရေး အခမ်းအနားကို လပွတ္တာမြို့ ရွှေနဒီခန်းမ၌ ဇန်နဝါရီ ၂ရက်က ကျင်းပသည်။

ရွေးချယ်

အခမ်းအနားတွင်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးမောင်ကြည်က အဖွင့်အမှာစကားပြောကြားပြီး လပွတ္တာခရိုင်အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်ကြသည်။

ရန်ပုံငွေ

ထို့နောက်အသင်းဝင် လျှောက်လွှာများကို ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကြီးငွေထံသို့ ခရိုင်လုပ်ငန်း အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညီညီကပေးအပ်ပြီး **(ယာပုံ)** လပွတ္တာခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ငွေယမ်းကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ၊ ငါးလုပ်ငန်းအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌဦးကြီးငွေက တူညီဝတ်စုံ

၂၅စုံအတွက် ငွေကျပ်တစ်သိန်း၊ အောင်ချက်မြင့်မားရေးအတွက် ဧရာဝတီတိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးငြိမ်းမြိုင်က မြို့နယ်ပညာရေးမှူးသို့ ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ လပွတ္တာခရိုင်အဖွဲ့ချုပ်သို့ မတည်ရန်ပုံငွေကျပ်တစ်သိန်းကို ငါးလုပ်ငန်းအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌဦးဟန်ထွန်းက အဖွဲ့ချုပ် လပွတ္တာခရိုင် ဥက္ကဋ္ဌ ဦးညီညီသို့ပေးအပ်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မကွေးမြို့၌ ကလေးငယ်များ ကာကွယ်ဆေးတိုက်ကျွေး

ရန်ကုန် ဇန်နဝါရီ ၁၉

၂၀၀၉ ခုနှစ် ပထမအကြိမ်အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ရက် နံနက်၈နာရီက မကွေးတိုင်းကျန်းမာရေးဦးစီးဌာန၌ကျင်းပရာ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြင့်သိန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များတက်ရောက်ကြသည်။

တိုက်ကျွေး

ထို့နောက် တိုင်းအတွင်းရေးမှူး ဦးမြင့်သိန်းက အခမ်းအနားကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဧည့်သည်တော်များနှင့်အတူ ကလေးများအား ကာကွယ်ဆေးတိုက်ကျွေးကာ လက်ဆောင်ပစ္စည်းများပေးကြသည်။ (၀၇၂)



ညောင်ကန်-ဖိုလေးလုံး ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာချင်းဆက်လမ်း ညောင်ကန်-ဖိုလေးလုံးကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ ဦးကျော်ခိုင်ထွန်း ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၂ရက်က အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အင်ဂျင်နီယာမှူး ဦးဝင်းမြင့်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းပဒေသာ

ရန်ကုန် အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်းသွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ဇန်နဝါရီ ၁၇ရက်က ရွှေသာရပ်ကွက်တွင် ရေစီးရေလာကောင်းမွန်ရေး၊ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို စုပေါင်း

ဆောင်ရွက်ကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးကြည်စိန်း၊ အတွင်းရေးမှူး ဒေါ်စန်းစန်းရီနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်သန်းအေးတို့ ကြည့်ရှုအားပေးစဉ်။ (၀၉၈)

ပြင်ဦးလွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ၊ ကျေးလက် လမ်းများတွင်အသုံး ပြုမည့် လမ်းခင်း ကျောက် များ ထုတ်လုပ် စုဆောင်းထားရှိမှု အခြေအနေကို ဒီဇင်ဘာ ၂၅ ရက်က အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြား ရေး မှူး ဦးအောင်ကိုလတ်နှင့် တာဝန်ခံ အင်ဂျင်နီယာ အင်ဂျင်နီယာမှူး ဦးနိုင်လင်းမောင်တို့ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ကွင်းဆင်းဆောင်ရွက်

တမူး ဇန်နဝါရီ ၁၉

စစ်ကိုင်းတိုင်း တမူးခရိုင် မြို့သစ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမင်းအောင်နှင့် တာဝန်ရှိသူများ ဇန်နဝါရီ ၅ရက်က ဗန္ဓုလကျေးရွာသို့ ကွင်းဆင်းပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သတ်မှတ်စံ (၅)ရပ်နှင့်ပြည့်စုံရေး၊ စာအုပ်စာစောင် တိုးပွားရေးတို့ကို စည်းရုံးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၀၃၁)

❐ ကျောဖုံးမှ

နိုင်ငံတော်၏ သက်ရှိရေသယံဇာတများကို ရေရှည်ထုတ်ယူ သုံးစွဲနိုင်ရေးနှင့် စပ်လျဉ်း၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး

''ပုစွန် မွေးမြူခြင်းဖြင့် ထိုက်သင့်သော လူနေမှုဘဝ မြင့်မားတိုးတက်ရန် ရည်ရွယ်ပါတယ်''
ဦးလှမောင်ရွှေ (ဥက္ကဋ္ဌ)
မြန်မာနိုင်ငံ
ပုစွန်လုပ်ငန်းရှင်များအသင်း

ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက ''တစ်ဖက်တစ်လမ်းက ကုန်ထုတ်စွမ်းအား တိုးမြှင့် ထုတ်လုပ်မည့်နည်းတူ ရေသယံဇာတများ စဉ်ဆက်မပြတ် ထုတ်နုတ် စားသုံးနိုင်ရေးအတွက် အခြားတစ်ဖက်တစ်လမ်းက အချိုးညီ ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာနက သယံဇာတထိန်းသိမ်းရေးကို ဦးတည်ချက် ထားရှိပြီး ထုတ်ပြန်ထားသည့် ဥပဒေများ၊ တားမြစ်ချက်များရှိပြီး ဖြစ်ကြောင်း။

ဖမ်းဆီးရေးနှင့် ပတ်သက်သည့်အပိုင်းတွင် Species အလိုက် Closed Season,Closed Area, Gear,Fishing Method စသည်များ ရှိသကဲ့သို့ ကဏန်း၊ ငါးရှဉ့်၊ ကျောက်ပုစွန်အစရှိသည့် ရေသတ္တဝါများ အပိုင်းတွင်လည်း ဖမ်းဆီးရန် သတ်မှတ်ပေးထားသည့် အရွယ်အစား၊ အလေးချိန်စသည်ဖြင့် ပါရှိကြောင်း၊ ပညာပေး ဆွေးနွေးသည့် အစီအစဉ်များဖြစ်သည့်ဒေသခံများနှင့်ဆွေးနွေးခြင်း၊ မြေစိုက်ပိုစတာ ဆိုင်းဘုတ်များ စိုက်ထူခြင်း၊ မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှ ပညာပေး ရုပ်သံဇာတ်လမ်းများ ထုတ်လွှင့် ပြသခြင်း၊ လက်ကမ်းစာစောင်များဝေငှခြင်း အစရှိသည့် နည်းလမ်းများနှင့် စည်းရုံးဆောင်ရွက်လျက် ရှိကြောင်း။

မျိုးထိန်းသိမ်း

Conservation Measures ဖြင့် မျိုးထိန်းသိမ်းသည့်အနေဖြင့် ငါးလုပ်ငန်းဦးစီးဌာနက ၂၀၀၈ခုနှစ် အောက်တိုဘာလအထိ ငါးရှဉ့်ကောင်ရေ ၆၈ သိန်းကျော်နှင့် ကဏန်း ကောင်ရေ တစ်သောင်းကျော်တို့ကို မြစ်ချောင်း၊ အင်းအိုင်များအတွင်း မျိုးစိုက်ထည့်ပေးပြီး ဖြစ်ကြောင်း'' ဖြင့် ဇန်နဝါရီ ၁၇ရက်က ကျင်းပသည့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အောက်ရှိညီနောင်အသင်းများ၏ နှစ်ပတ်လည် အစည်းအဝေးတွင် အဖွင့်အမှာစကားအဖြစ် ထည့်သွင်း ပြောကြားခဲ့သည်။

မိမိတို့သတင်းအဖွဲ့သည် အဆိုပါ အစည်းအဝေးအပြီးတွင် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးလှမောင်ရွှေနှင့် တွေ့ဆုံပြီး အသင်း၏ လုပ်ငန်းဆောင်ရွက်မှုနှင့် လက်ရှိ ပုစွန်မွေးမြူထုတ်လုပ်မှုတို့နှင့် စပ်လျဉ်း၍ မေးမြန်းခဲ့သည်။

စတင်ဖွဲ့စည်း

ရှေးဦးစွာ အသင်း၏ ရည်ရွယ်ချက်၊ လုပ်ငန်းဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ ''မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များ အသင်းကို ၂၀၀၄ ခုနှစ် မေ၄ရက်မှာ စတင်ဖွဲ့စည်းခဲ့ပါတယ်။ မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ်အောက်မှာ ပထမဦးဆုံး ပေါ်ပေါက်လာတဲ့ မြန်မာနိုင်ငံ အဆင့် လုပ်ငန်းဆိုင်ရာ အသင်းတစ်သင်း ဖြစ်ပါတယ်။

ရှင်းလင်းပြောကြား

''အသင်း ရည်ရွယ်ချက်ကတော့ ခေတ်မီဖွံ့ဖြိုး တိုးတက်လျက်ရှိသော အဆင့်မြင့် ပုစွန်မွေးမြူရေးပညာများ ဖြန့်ဝေပေးရန်၊ နိုင်ငံတော်အစိုးရ၏ ပုစွန်တိုးချဲ့မွေးမြူရေး စီမံကိန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်၊ ပုစွန် မွေးမြူခြင်းဖြင့် ထိုက်သင့်သော လူနေမှုဘဝ မြင့်မားတိုးတက်လာစေရန်၊ မြန်မာနိုင်ငံအတွင်းရှိ ပုစွန်လုပ်ငန်းနှင့်ပတ်သက်သော ပညာရှင်များ၊ ကုမ္ပဏီများနှင့် နိုင်ငံသားများကို စုစည်းရန်တို့ ဖြစ်ပါတယ်။ ဒုတိယအကြိမ် သက်တမ်းကာလ ဖြစ်တဲ့ ၂၀၀၇ခုနှစ်မှ ၂၀၁၀ပြည့်နှစ် သုံးနှစ်တာ ကာလအတွက် နာယက နှစ်ဦး၊ အကြံပေးပုဂ္ဂိုလ်ကိုးဦး၊ အလုပ်အမှုဆောင် ၃၂ဦးတို့နဲ့ ဖွဲ့စည်းထားပါ



''ကျောက်တန်း ပုစွန်မွေးမြူရေး ဇုန်နေရာမှာ ကဏန်းမွေးမြူရေးဇုန်အဖြစ် ၁၀၃၉ဧကေ သတ်မှတ်ပြီး ကဏန်းပျော့ကို အရှိန်အဟုန်နှင့် မွေးမြူထုတ်လုပ်နေပါတယ်''
ဦးနှင်းဦး (ဥက္ကဋ္ဌ)
မြန်မာနိုင်ငံ
ကဏန်းလုပ်ငန်းရှင်များအသင်း

တယ်''ဟူ၍ ရှင်းလင်း ပြောကြားသည်။

လက်ရှိ ပုစွန်မွေးမြူထုတ်လုပ်မှုနှင့် စပ်လျဉ်း၍ ''ရေငန်ပုစွန်ကျား (Tiger)ကို မြန်မာနိုင်ငံမှာ ၁၉၉၈ ခုနှစ်က စတင် မွေးမြူခဲ့ပါတယ်။ ရေငန်ပုစွန်ဖြူ(Vannamei)ကို ၂၀၀၁ ခုနှစ် နှောင်းပိုင်းကစပြီး သားပေါက်ထုတ်လုပ်ဖို့ စတင်စမ်းသပ်ခဲ့ပါတယ်။

ပြည်ပဈေးကွက်တွင် နာမည်ကျော်ကြား လူကြိုက်များလျက်ရှိသည့် ကဏန်းပျော့။

ရေချိုပုစွန်ကိုတော့ မြန်မာနိုင်ငံမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ကျော်ခန့်က စတင်မွေးမြူခဲ့ပါတယ်။

တိုးချဲ့လုပ်ကိုင်

ရေငန်ပုစွန် မွေးမြူသူများကို အသင်းက ချေးငွေများထုတ်ပေးခြင်း၊ အစာများကို အကြွေးစနစ်နဲ့ ဝယ်ယူနိုင်ရန် စီစဉ်ပေးခြင်း၊ မွေးမြူသူများနဲ့ သားပေါက် ထုတ်လုပ်သူများကို နည်းပညာအရ ပံ့ပိုးပေးခြင်းတို့ကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးခဲ့ပါတယ်။ ရေချို ပုစွန်တုပ်ကြီး ဈေးကွက်က ယနေ့အထိ ပြည်တွင်းပြည်ပ ဈေးကွက်မှာ ဝယ်လိုအားရှိပါတယ်။၂၀၀၄ ခုနှစ်မှာ သားပေါက်စခန်း ငါးခုသာရှိပြီး ၂၀၀၈ခုနှစ်မှာ စခန်း ၂၀အထိ တိုးချဲ့ လုပ်ကိုင်လျက် ရှိပါတယ်။

၂၀၀၇-၂၀၀၈ခုနှစ်က ရေချို၊ ရေငန်ပုစွန်တင်ပို့မှု စုစုပေါင်း မက်ထရစ်တန် ၂၁၀၆၁တန်ရှိပြီး အမေရိကန်ဒေါ်လာ ၁၀၉၁၃သမ၇ သန်းရရှိခဲ့ပါတယ်။ ရေသယံဇာတ ပြည်ပပို့ကုန်များအနက် ရေချို၊ ရေငန်ပုစွန်တင်ပို့မှုဟာ အများဆုံး ဖြစ်ပါတယ်။ ရေချိုပုစွန်တုပ်ကြီး ဈေးကွက်ဟာ ပြည်တွင်းပြည်ပ ဝယ်လိုအားအနေနဲ့ အများဆုံး ဖြစ်ပါတယ်''ဟူ၍ ပြောကြားခဲ့သည်။

တိုက်ရိုက်ကြီးကြပ်

ထို့နောက် သတင်းအဖွဲ့သည် ကဏန်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနှင်းဦးနှင့် ဆက်လက်တွေ့ဆုံ မေးမြန်းခဲ့ရာ ''ကဏန်းလုပ်ငန်းရှင်များအသင်းကို ၁၉၉၉ခုနှစ် ဩဂုတ် ၂၁ရက်မှာ ပထမအကြိမ် ဖွဲ့စည်းခဲ့ပြီး ၂၀၀၇ခုနှစ်မှာ မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ်ရဲ့ တိုက်ရိုက် ကြီးကြပ်မှုအောက်က ပြည်နယ်၊ တိုင်းအဆင့် လုပ်ငန်းဆိုင်ရာ အသင်းအဖြစ် သတ်မှတ်ပြီး နဝမအကြိမ်ဖွဲ့စည်းခဲ့ပါတယ်။ အလုပ်အမှုဆောင် အဖွဲ့ကို ၂၁ဦးနဲ့ ဖွဲ့စည်းထားပါတယ်။

၂၀၀၇-၂၀၀၈ခုနှစ် ကဏန်းတင်ပို့မှုဟာ တန်ချိန် ၁၂၅၃၀ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၂၇ဒသမ၉သန်း ရရှိခဲ့ပါတယ်။ ၂၀၀၈-၂၀၀၉ခုနှစ်မှာ ကျောက်တန်း ပုစွန်မွေးမြူရေး ဇုန် နေရာမှာ ကဏန်းမွေးမြူရေး ဇုန်အဖြစ် ၁၀၃၉ဧကေ သတ်မှတ်ပြီး ကဏန်းပျော့ကို အရှိန်အဟုန်နဲ့ မွေးမြူ ထုတ်လုပ်နေပါတယ်။ ပြည်ပပညာရှင်များကိုဖိတ်ခေါ်ပြီး ကဏန်းမွေးမြူ သားဖောက်နည်း သင်တန်းတွေကိုပို့ချပေးနေပါတယ်။ ကဏန်းသားဖောက် မွေးမြူရေး စခန်းကိုလည်း ချောင်းသာမှာဖွင့်လှစ်မှာ ဖြစ်ပါတယ်။ ၂၀၀၇ခုနှစ် စက်တင်ဘာ ၂၅ရက်က မြဝတီမြို့မှာ ကဏန်းကုန်စည်ဒိုင်ကိုလည်း ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးရဲ့ ညွှန်ပြမှုဖြင့် လပွတ္တာနဲ့ ဟိုင်းကြီးကျွန်းဒေသများမှာ အောက်ခြေ ကဏန်းထောင်လုပ်သားများ လုပ်ငန်းပြန်လည်ထူထောင်လာစေရန် ရည်ရွယ်ပြီး ကဏန်းမြှုံးပေါင်း ၂၀၀၀၀ကျော်ကို INGO, MFF တို့နဲ့ ပူးပေါင်းပြီး ပေးဝေလှူဒါန်းခဲ့ပါတယ်။နိုင်ငံတော်အတွက် နိုင်ငံခြားငွေ ပိုမိုရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် ကဏန်းထောင်လုပ်သားများ လူနေမှုဘဝပိုမိုမြင့်မားရေးနှင့် ဈေးကွက်တည်ငြိမ်မှုရှိစေရန် ကဏန်းပျော့ မွေးမြူရေးလုပ်ငန်းများ တိုးတက် များပြားလာစေရန်အတွက် အားပေးဆောင်ရွက်ရန် အပါအဝင်ရှေ့လုပ်ငန်းစဉ်များကိုလည်း ချမှတ်ဆောင်ရွက်လျက် ရှိပါတယ်''ဟူ၍ ရှင်းပြခဲ့ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

ဆားမလောက် ရေချို ငါးပုစွန်မွေးမြူရေးစခန်းမှ ထုတ်လုပ်သော ရေချိုပုစွန်တုပ်ကြီးများ….။

ဒဂုံမြို့သစ်(အရှေ့ပိုင်း) (၈)ရပ်ကွက် စာရိတ္တမဏ္ဍိုင်စာကြည့်တိုက်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၉

ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် (၈)ရပ်ကွက် စာရိတ္တမဏ္ဍိုင်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၁၈ရက် နံနက် ၈နာရီက အဆိုပါ အဆောက်အအုံ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတင်ကျော်လွင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးက စာကြည့်တိုက်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

တင်ပြ

ဆက်လက်၍ ရပ်ကွက်ဥက္ကဋ္ဌက စာကြည့်တိုက် ဖြစ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပုံများနှင့်ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက်ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

(မြို့နယ် ပြန်/ဆက်)

ဟဲဟိုး-လယ်ခေါင်းလမ်း ကျောက်ချောခင်း

ကလော ဇန်နဝါရီ ၁၉

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဟဲဟိုး-လယ်ခေါင်း ကျေးရွာသွားလမ်းကို ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ၁၅ရက်က အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာက လုပ်ငန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ **(မြို့နယ်စည်ပင်)**

သားဖွားမီးယပ်ပညာအဖွဲ့ (မြန်မာနိုင်ငံဆရာဝန်အသင်း) အထူးကုဆရာဝန်များဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

သားဖွားမီးယပ်ပညာအဖွဲ့ (မြန်မာနိုင်ငံဆရာဝန်အသင်း)က ဆေးပညာတိုးတက်ပြန့်ပွားစေရန်အတွက် သားဖွားမီးယပ်အထူးကု ဆရာဝန်များဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၈ရက်နှင့် ၁၉ရက်များတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများနှင့်သားဖွားမီးယပ်အထူးကု ဆရာဝန်များတက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးဘေးရှောင် မလောင်ခင်တား

* ရှေ့ဖုံးမှ

ရာသီမရွေး

မြစ်ချောင်း အင်းအိုင်ပေါများလှသည့် ဧရာဝတီတိုင်းအတွင်း လမ်းတံတားများ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ရေလမ်းကို အားထားခဲ့သည့် ဧရာဝတီတိုင်းနေဒေသခံများမှာ ယခုဆိုပါလျှင် အချိန်တိုအတွင်း ကုန်းလမ်းခရီးဖြင့် လိုရာခရီးသို့ ရာသီမရွေး၊ ချိန်ခါမရွေးသွားလာနိုင်ကြပေပြီ။

သုံးခွချောင်းတံတား

၂၀၀၉ခုနှစ် ဇန်နဝါရီ ၁ရက် နှစ်သစ်အခါသမယတွင် ဧရာဝတီတိုင်း၏ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် ပန်းတနော်မြို့နယ် ပန်းတနော်-အိမ်မဲလမ်းပေါ် သုံးခွချောင်းတံတား (ကျုံတိုင်းကြီး)ကို ဖွင့်လှစ်ပေးခဲ့သည်။

၂၁၇စင်းမြောက်

သုံးခွချောင်းတံတား(ကျုံတိုင်းကြီး)သည် နိုင်ငံတော်တစ်ဝန်း တည်ဆောက်ပြီးဖြစ်သည့် ပေ၁၈ဝနှင့်အထက်တံတားများတွင် ၂၁၇စင်းမြောက်တံတားဖြစ်ပြီး ဧရာဝတီတိုင်း၌ ၄၄စင်းမြောက် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် တံတားလည်းဖြစ်သည်။

တိုးတက်ဝေဆာ

တံတားအရှည်ပေ ၂၇ဝရှိသည့် သုံးခွချောင်းတံတား(ကျုံတိုင်းကြီး)မှာ မြောင်းမြမြို့နယ်နှင့် အိမ်မဲမြို့နယ်ရှိ ဒေသခံကျေးရွာများစွာမှ ပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည်တို့ကို ပိုမိုအကျိုးပြုနိုင်ရုံမျှသာမက ဧရာဝတီတိုင်းအတွင်းရှိ မြို့ပြနှင့် ကျေးလက်ဒေသများမှာလည်း ပိုမိုဖွံ့ဖြိုးတိုးတက် ဝေဆာလာနေပြီဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် မှတ်တမ်းပြု ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဇန်နဝါရီ ၁၉

တံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲများ ကျင်းပမည်

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား (က)အဆင့်နှင့် (ခ)အဆင့် တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲများကို ဇန်နဝါရီ ၂၅ရက်မှ ၃၀ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ညနေ ၃နာရီမှစ၍ နေ့စဉ်ကျင်းပမည်ဖြစ်သည်။

ရေးမြို့နယ်အသင်း (ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေး

ရေးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲတို့ကို ဗဟန်းမြို့နယ် ဗဟန်း၃လမ်း ခေမာရာမ သီလရှင်စာသင်တိုက်၌ ဇန်နဝါရီ ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။

ပညာရေးဆိုင်ရာ ဟောပြောပွဲ တက်ရောက်နိုင်

ပညာရေးဆိုင်ရာ ဘာသာရပ်များအကြောင်း ဟောပြောပွဲကို ဇန်နဝါရီ ၂၂ရက် နံနက်၁၁နာရီတွင် MSI Co., Ltd. ရုံးခန်း၌ ကျင်းပမည်ဖြစ်ရာ စိတ်ဝင်စားသူများ ဖုန်း-၃၈၉၉၁၅သို့ ဆက်သွယ်၍ စာရင်းပေးသွင်း တက်ရောက်နိုင်သည်။

ပင်လယ်မင်းသမီးရွေးချယ်ပွဲ ယှဉ်ပြိုင်နိုင်

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် (၁၀)နှစ်ပြည့် နှစ်ပတ်လည်အစည်းအဝေးနှင့်အတူ ပင်လယ်မင်းသမီး (Miss Mermaid) ရွေးချယ်ပွဲကို ကျင်းပမည်ဖြစ်ရာ အသက်(၁၆)နှစ်ပြည့်ပြီးသူ အမျိုးသမီးများ အခမဲ့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး လျှောက်လွှာများကို အနောက်ကြို့ကုန်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံးနှင့် Kose ကောင်တာများတွင်ရယူပြီး ဇန်နဝါရီ ၂၅ရက် နောက်ဆုံးထားလျှောက်နိုင်သည်။

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဟောပြောပွဲ

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA)မှ ကွန်ပျူတာပညာရပ်ဆိုင်ရာ ဟောပြောပွဲများ ကျင်းပလျက်ရှိရာ Myanmar Professionals Education Centre (MPEC)Co.,Ltd. ၏ ကူညီပံ့ပိုးမှုဖြင့် ဇန်နဝါရီ၂၄ရက် (စနေနေ့) နံနက်၉နာရီခွဲမှ မွန်းတည့်၁၂နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် ပင်မဆောင်ရှိ အခန်း ၂၀၅ တွင် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အလုပ်အမှုဆောင် ဦးဇော်မိုးထွန်းက ဟောပြောမည်ဖြစ်သည်။ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များ၊ Software Developer များ၊ ကွန်ပျူတာပညာ လေ့လာနေသူများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်ပြီး ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း သက်ကြီးပူဇော်ပွဲ

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၏ (၁၁)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ဇန်နဝါရီ၂၄ရက် (စနေနေ့) နံနက်၁၀နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသားများ တက်ရောက်ကြရန် နှိုးဆော်ထားပြီး ဖုန်း-၆၉၉၅၁၈၊ ၅၃၄၇၇၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ဂျပန်-မဲခေါင် ပူးပေါင်းဖလှယ်ပွဲ ကျင်းပမည်

၂၀၀၉ခုနှစ်သည် ဂျပန်နိုင်ငံနှင့် မဲခေါင်နိုင်ငံများအကြား ပူးပေါင်းဖလှယ်မှုကျယ်ပြန့်အောင် လုပ်ဆောင်မည့် အထူးနှစ်ဖြစ်ရာ အဆိုပါဂျပန်နှင့် မဲခေါင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု အထိမ်းအမှတ်ပွဲကို ချက်ထရီယမ်ဟိုတယ်၌ ဖေဖော်ဝါရီ ၆ ရက် ညနေ ၃ နာရီတွင် ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသူများ ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ဂျပန်သံရုံး၌ လက်မှတ်များ လာရောက်ထုတ်ယူနိုင်သည်။

ဆော့ဖ်ဝဲအင်ဂျင်နီယာ ဆွေးနွေးပွဲ ကျင်းပမည်

ဆော့ဖ်ဝဲအင်ဂျင်နီယာတစ်ဦးအဖြစ် လုပ်ငန်းခွင် ဝင်ရောက်နိုင်ရန်အတွက် MPEC သင်တန်းခန်းမ၌ ဇန်နဝါရီ၂၁ ရက် နံနက်၁၀နာရီတွင် Myanmar Information Technology Pte., Ltd. မှ ဦးဇော်မိုးထွန်းက ရှင်းလင်းဆွေးနွေးမည်ဖြစ်ရာ စိတ်ဝင်စားသူများ တက်ရောက်နိုင်ပြီး အသေးစိတ်ကို ဖုန်း-၆၆၈၇၇၉ သို့ ဆက်သွယ်နိုင်သည်။

ဝေါမြို့နယ်အသင်း (ရန်ကုန်) ပညာရည်ချွန်ချီးမြှင့်မည်

ဝေါမြို့နယ်အသင်း(ရန်ကုန်) ပံ့ပိုးမှုဖြင့် ဝေါမြို့နယ် စာပေနှင့် စာနယ်ဇင်း အဖွဲ့က ကြီးမှူးသည့် ပညာရည်ချွန်ဆုပေးပွဲနှင့် စာပေဟောပြောပွဲကို ဇန်နဝါရီ၂၃ရက် (သောကြာနေ့)တွင် ဝေါမြို့နယ် ခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။ အလှူငွေများကို ဖုန်း-၀၁-၇၂၈၁၆၆ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ ။ (မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

■ *ရှေ့ဖုံးမှ*

ကျင်းပမည်

ထိုသို့သော လက်ရာမြောက် ပန်းပုရုပ်တုများကို ထုလုပ်ပြီး 'မြန်မာ့သမဝါယမ အနုပညာနှင့် ပန်းပုအရောင်းပွဲတော်' အမည်ဖြင့် ဗဟိုသမဝါယမအသင်းလီမိတက်က ကြီးမှူးပြီး လာမည့် ဖေဖော်ဝါရီ ၁၀ရက်မှ မတ်၉ရက်အထိရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်နှင့် ဆရာစံလမ်းထောင့်ရှိ ဆရာစံပလာဇာ၌ ကျင်းပတော့မည်ဖြစ်သည်။

ပူးပေါင်းကျင်းပ

ထို့ကြောင့် မြန်မာ့အလင်းသတင်းအဖွဲ့က မြန်မာ့သမဝါယမ အနုပညာနှင့် ပန်းပုအရောင်းပွဲတော် ကျင်းပမှုနှင့် ပတ်သက်ပြီး သိရှိရန် ဗဟိုသမဝါယမအသင်းလီမိတက်ရုံးရှိရာ ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဆရာစံပလာဇာသို့ ရောက်ခဲ့ပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ရာ "ဒီအရောင်းပွဲတော်ကို ကျင်းပပြုလုပ်တာကတော့ သမဝါယမအသင်းတွေနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ ပူးပေါင်းမှုနဲ့ လက်မှုအနုပညာပစ္စည်းအမယ်သစ်တွေ ထုတ်လုပ်ပြီး ဈေးကွက်သစ်များ ရှာဖွေဖို့၊ မုန်တိုင်းကြောင့် ဆုံးရှုံးခဲ့ရမှုနဲ့ သစ်ပင်ကြီးငယ် ပြိုလဲခဲ့ပေမယ့် မုန်တိုင်းဒဏ်ကို တန်ပြန်ပြီး သမဝါယမ စိတ်ဓာတ်နဲ့ အားမာန်ကိုပြသဖို့နဲ့ လှေခွက်ချည်းကျန်အလံမလဲတဲ့ မြန်မာတို့ရဲ့ ဇာတိမာန်ကိုပြသဖို့ ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ပြုလုပ်ခြင်းဖြစ်ပါတယ်" ဟု ဗဟိုသမဝါယမအသင်း လီမိတက်မှ အထွေထွေ မန်နေဂျာနှင့် ပွဲတော်ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး ဦးကိုကိုက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ယခုပွဲတော်ကို ဗဟိုသမဝါယမအသင်းလီမိတက်နှင့် ကောင်းမြန်မာအောင် ကုမ္ပဏီ လီမိတက်တို့က ပူးပေါင်း ဆောင်ရွက်ခြင်းဖြစ်သည်။ ရုပ်တုများမှာ လေဘေးဒဏ်ကြောင့် ပြိုလဲခဲ့သော သစ်ပင်များ၊ သစ်မြစ် သစ်ဆုံများဖြင့် ထုလုပ်ထားသော ရုပ်တုများဖြစ်သည်။ အများအားဖြင့် ကုက္ကိုသားများဖြစ်သည်။

"ပန်းပု အနုပညာကိုလည်း ဖော်ထုတ်ခွင့်ရပြီး နိုင်ငံတကာ အထိ ကျယ်ကျယ်ပြန့်ပြန့် သိရှိသွားအောင် ဆောင်ရွက်ခြင်းဖြစ်ပါတယ်"

ဦးကိုကို
အထွေထွေမန်နေဂျာ
ဗဟိုသမဝါယမအသင်းလီမိတက်

"ပြိုလဲခဲ့တဲ့ သစ်ပင်တွေကို ထင်းအဖြစ်အသုံးပြုရင်တန်ဖိုးနည်းပါတယ်။ အခုလို မြန်မာ့ပန်းပု အနုပညာနဲ့ ပေါင်းစပ်ပြီး ရုပ်တုထုလုပ်လိုက်တဲ့အတွက် ထပ်ပေါင်း တန်ဖိုးရှိလာတယ်။ ဒါကြောင့် ပန်းပုပညာရှင်တွေကို စုစည်းပြီး သူတို့တွေလဲ အလုပ်တွေရ၊ သူတို့တွေရဲ့ ပန်းပုအနုပညာကိုလဲ ဖော်ထုတ်ခွင့်ရပြီး နိုင်ငံတကာအထိကျယ်ကျယ်ပြန့်ပြန့် သိရှိသွားအောင် ဆောင်ရွက်ခြင်း ဖြစ်ပါတယ်"ဟု ဦးကိုကိုက ဆက်လက်ရှင်းပြသည်။

ခင်းကျင်းရောင်းချမည်

အရောင်းပွဲတော်ကို ဆရာစံပလာဇာမြေညီထပ်၊ ပထမထပ်နှင့် ဒုတိယအထပ်များတွင် ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်သည်။

ထို့အပြင် "ဒီအရောင်းပွဲတော်မှာ မည်သူမဆို လွတ်လပ်စွာ ဝယ်ယူလို့ရပါတယ်။ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်အောင်လည်း နိုင်ငံတကာနဲ့ ပြည်တွင်းက စီးပွားရေး လုပ်ငန်းရှင်တွေ၊ လူမှုရေး အသင်းအဖွဲ့တွေကလည်း ဖိတ်ထားပါတယ်။ ပန်းပုရုပ်တုတွေကို အင်တာနက် ဝက်ဘ်ဆိုက်မှာ တင်ဖို့လည်း စီစဉ်နေပါတယ်။ ဖျော်ဖြေရေးအစီအစဉ်တွေ ပါဝင်မယ်။ အရောင်းပွဲတော်ကို လာရောက်တဲ့ သူတွေဟာရုပ်တုတွေကို မြန်မာ့ရိုးရာ ဂီတသံစဉ်တီးခတ်ဖျော်ဖြေမှုကို နားထောင်ရင်းအနုပညာစိတ် အပြည့်နဲ့ ကြည့်ရှုနိုင်အောင်စီစဉ်ထားပါတယ်" ဟုလည်း အထွေထွေ မန်နေဂျာနှင့် ပွဲတော်ကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး ဦးကိုကိုက မြန်မာ့အလင်းသို့ ရှင်းပြသည်။

"အရောင်းပွဲတော် ကာလအတွင်းမှာ ပြိုင်ပွဲလေးမျိုး ထည့်သွင်း ကျင်းပသွားမယ်"

ဒေါ်ဝင်းစိန်
ဒုတိယအထွေထွေမန်နေဂျာ
ဗဟိုသမဝါယမအသင်းလီမိတက်

ပါဝင်ပြမည်

ယခုအရောင်းပွဲတော်၌ ပြည်နယ်နှင့်တိုင်း အသီးသီးမှ သမဝါယမအသင်း အဖွဲ့အစည်းများကလည်း ပါဝင်ကြမည်ဖြစ်သည်။ မြန်မာ့အနုပညာလက်ရာ ပန်း(၁၀)မျိုးဝင် ပစ္စည်းများကိုလည်း ခင်းကျင်းပြသရောင်းချသွားမည် ဖြစ်ပြီး ဆရာစံပလာဇာအတွင်း မြေကွက်လပ်၌ ဖျော်ဖြေရေးအစီအစဉ်များ ပါဝင်မည်ဖြစ်သည်။

"အခုဒီအရောင်းပွဲတော်မှာခင်းကျင်းပြသဖို့အတွက် လက်ရှိအနေအထားမှာ ပန်းပုရုပ်တုမျိုးစုံ ၅၀၀လောက် ထုလုပ်ပြီးပါပြီ။ ပန်းပုပညာရှင်တွေကတော့ ဒါးပိန်၊ ရန်ကုန်၊ ပဲခူး၊ ရခိုင်၊ မန္တလေး စတဲ့ နေရာမျိုးစုံက လာရောက်ထုလုပ်နေကြတာပါ။ ရုပ်တုတွေကတော့ ပုဂံ၊ အင်းဝ၊ ပင်းယ၊ တောင်ငူနဲ့ ကုန်းဘောင်ခေတ်တွေရဲ့ရုပ်တုတွေကို အဓိကထား ထုလုပ်နေသလို မော်ဒန်ရုပ်တုတွေလဲ ပါဝင်တယ်"ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

အရောင်းပွဲတော်၌ ခင်းကျင်းပြသမည့် ရုပ်တုများမှာ အကြီးဆုံးအနေဖြင့် အမြင့်၁၅ပေ ရုပ်တုများနှင့် အသေးဆုံးအဖြစ် ခြောက်လက်မခန့်သာရှိသည့် အရုပ်များဖြစ်သည်။ အရောင်းပြပွဲမုခ်ဦးအဝ၌သမားရိုးကျမဟုတ်ဘဲ တကယ့်သစ်ပင် အစစ်များကို စိုက်ထူကာ စိတ်ဝင်စားဖွယ် ခင်းကျင်းပြသသွားမည်ဖြစ်သည်။

ပြိုင်ပွဲလေးမျိုး

ထို့အပြင်ဗဟိုသမဝါယမအသင်းလီမိတက်မှ ဒုတိယအထွေထွေ မန်နေဂျာဒေါ်ဝင်းစိန်က "အရောင်းပွဲတော်ကာလအတွင်းမှာ ပြိုင်ပွဲလေးမျိုး ထည့်သွင်းကျင်းပသွားမယ်။ အဲဒါက ပန်းပုပညာရှင်တွေအတွက် ဖြစ်ပါတယ်။ ပြိုင်ပွဲတွေက စိတ်ကြိုက်ပြိုင်ပွဲ၊ လျှပ်တစ်ပြက်ပြိုင်ပွဲ၊ မော်ဒန်ရုပ်တု ပြိုင်ပွဲနဲ့ အရောင်းပွဲတော်အတွင်းမှာ ထုလုပ်ထားတဲ့ ရုပ်တုတွေထဲက လက်ရာအကောင်းဆုံးရုပ်တုကို ရွေးချယ်ပြီး ထိုက်ထိုက်တန်တန် ဆုပေးသွားမှာပါ။ ဒီလိုအကဲဖြတ် အမှတ်ပေးမယ့် ဒိုင်လူကြီးတွေကတော့ ယဉ်ကျေးမှုတက္ကသိုလ်၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးက ပုဂ္ဂိုလ်တွေကဆောင်ရွက်ပေးသွားကြမှာပါ" ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ရွေးချယ်နိုင်

ထို့နောက် ဆရာစံပလာဇာ ပထမထပ်နှင့် မြေညီထပ်ရှိ ထုလုပ်ပြီး ထုလုပ်ဆဲရုပ်တုများကို လေ့လာကြည့်ရာ မြန်မာမှုလက်ရာ ရုပ်တု ၂၀၀ ကျော်၊ တရုတ်ယဉ်ကျေးမှုလက်ရာ ရုပ်တု ၁၅၀ ကျော်၊ မော်ဒန်ရုပ်တု အရေအတွက် ၁၀၀ကျော်နှင့် ဥရောပ လက်မှုပညာပုံစံ ရုပ်တုပေါင်း၅၀ကျော်တို့ကို တွေ့ရသည်။ အရောင်းပွဲတော် လာသူများအတွက် စိတ်တိုင်းကျ ရွေးချယ်နိုင်ကြမည်ဖြစ်သည်။

ဖျော်ဖြေမှု

ထို့ကြောင့် ဖျော်ဖြေမှုအစီအစဉ်များ၊လက်တွေ့ပန်းပုရုပ်တုပြိုင်ပွဲများ၊ အရောင်းပြခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ကျင်းပတော့မည့် မြန်မာ့သမဝါယမ အနုပညာနှင့် ပန်းပုအရောင်းပွဲတော်၌ ပါဝင်ဆင်နွှဲနိုင်ကြတော့မည်ဖြစ်ပါကြောင်း သတင်းစကား ဖြန့်ဝေပေးလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

ရတနာပုံခေတ် မုခ်ဦးပြာသာဒ်ကို ထုလုပ်နေကြသည်မှာ....။
(မြန်မာ့အလင်း)

ဇာတ်တော်ကြီးရုပ်တုများကို ဤသို့ အနုပညာမြောက်စွာ ထုဆစ်ကြရသည်။
(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၂၀-၁-၂၀၀၉ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အတီးပြိုင်ပွဲ
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၅ ၆။ **ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ** ဆုပန်ထွာ၊ ပွင့်၊ ငွမ်းပုံကြီး၊ ဟဲဇီးဖြိုး (ဒါရိုက်တာ-ကြည်စိုးထွန်း)
- ၈း၁၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈း၃၀ ၈။ International News
- ၈း၄၅ ၉။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄း၂၀ ၃။ ကြေးမုံရိပ်သွင်တေးနှယည်
- ၄း၃၀ ၄။ **နှင်းကြည့်စမ်းပါ** မင်းအုပ်စိုး၊ ညီဘွား၊ ခင်စိုးပိုင် (ဒါရိုက်တာ-မင်းအုပ်စိုး)
- ၄း၄၀ ၅။ တေးဂီတအစီအစဉ်
- ၄း၅၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
- ၅း၀၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၁၅ ၈။ နားဝင်ပီယံသူ့လက်သံ
- ၅း၂၅ ၉။ တေးဂီတအစီအစဉ်
- ၅း၄၀ ၁၀။ ၂၀၀၇ ခုနှစ် စာပေဗိမာန်စာမူဆုရှင်များ၏ ပုံရိပ်များနှင့် ရင်တွင်းစကား (အပိုင်း-၂)
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၃။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆း၅၀ ၁၄။ ဆိုလိုက်ကြစို့
- ၇း၁၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **နွဲ့ဆိုးဆိုးသူကိုယ့်ချစ်သူ** (အပိုင်း-၅)
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြင့်မြတ်နှလုံးသားပိုင်ရှင်** (အပိုင်း-၂၀)
- ၂၀။ အစီအစဉ်ပြီး၏။

ကြခင်းမြို့နယ်၌ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

ကြခင်း ဇန်နဝါရီ ၁၉

ဧရာဝတီတိုင်း ကြခင်းမြို့နယ်တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနက ကြီးမှူးပြုလုပ်သော အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ၂၀၀၉ ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၁၀ ရက် နံနက် ၇နာရီက ရွာသစ်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပသည်။

ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

အခမ်းအနားတွင် ကြခင်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်နှင့် မြို့နယ်ဆရာဝန် ဒေါက်တာကျော်ဇင်ပြုံးတို့က ဦးဆောင်၍ ပိုလီယိုကာကွယ်ဆေးများ တိုက်ကျွေးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ်ကျန်းမာရေး)**

ဥပ္ပါတသန္တိစေတီတော်မြတ်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ရွှေတိဂုံစေတီတော်၌ ကိန်းဝပ်ပူဇော်ခံခြင်း မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော်မြတ်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်၌ ကိန်းဝပ်ပူဇော်ခံခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ရနာရီတွင် ရွှေတိဂုံစေတီတော်၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်ကြည်ညိုကြသည်။

လှည့်လည်ပူဇော်

အခမ်းအနားတွင် တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို ပင့်ဆောင်၍ ရွှေတိဂုံစေတီတော်ရင်ပြင်တော်၌ လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ပြီး အထက်ပစ္စယာသို့တက်ရောက်၍ လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကြသည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ မြို့တော်ဝန်နှင့် အလှူရှင်များက အလှူတော်ငွေများကို ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်အပိုပစ္စည်းအစိတ်အပိုင်းများ မှာယူသူစိတ်ကြိုက်ထုတ်လုပ် စံချိန်စံညွှန်းအတိုင်း အရည်အသွေးပြည့်ဝစွာ ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၉

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ဇန်နဝါရီ ၁၇ရက် ညနေပိုင်းတွင် အမှတ်(၂)လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ(မလွန်)သို့ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ အရည်အသွေးကောင်းမွန်သော လယ်ယာသုံး လက်တွန်းထွန်စက်များ၊ လမ်းကြိတ်စက်များကို ယခုဘဏ္ဍာရေးနှစ်အတွင်း ကြိုးစားရောင်းချနိုင်ရေးဆောင်ရွက်ကြရန်၊ အခြားဌာနဆိုင်ရာများအတွက် လိုအပ်သော စက်အပိုပစ္စည်းအစိတ်အပိုင်းများကိုလည်း မှာယူသူစိတ်ကြိုက် ထုတ်လုပ်ပေးသွားရန်နှင့် မိမိတို့စက်ရုံတစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်နေမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဇန်နဝါရီ ၁၈ရက် နံနက်ပိုင်းတွင် Heavy Turbo Truck Assembly & Component Parts ထုတ်လုပ်မှုစက်ရုံစီမံကိန်း (မကွေး) စီမံကိန်းရှင်းလင်းဆောင်၌ အလျား မီတာ ၂၅၀၊ အနံမီတာ ၉၀ ရှိသည့် စက်ရုံ အဆောက်အအုံအတွက် Foundation လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ**(အပေါ်ပုံ)** ပြည်ပမှ စက်ပစ္စည်းများ မရောက်ရှိမီ ကြိုတင်ပြီးစီးရေးဆောင်ရွက် ရန်နှင့် တည်ဆောက်မှုလုပ်ငန်းများကိုလည်း စံချိန်စံညွှန်းအတိုင်း အရည်အသွေးပြည့်ဝစွာ ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

ခါတ်ခွဲခန်းတွင် ကြွက်များကို ကော်ဖီတိုက်ကျွေးပြီး ခရမ်းလွန်ရောင်ခြည်ကိုခံကာ စမ်းသပ်ခဲ့ရာ ကြွက်များ၏အရေပြားတွင် အနာရောဂါတစ်စုံတစ်ရာ ဖြစ်ပေါ်ခြင်းမတွေ့ရှိရကြောင်း ၎င်းတို့ကပြောကြားသည်။ ထိုသို့စမ်းသပ်ရာတွင် ကြွက်များခန္ဓာကိုယ်ရှိ အမွေးအမှင်များကိုရိတ်ပြီး စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လေ့ကျင့်ခန်း

ကော်ဖီကို တစ်နေ့လျှင် နှစ်ခွက်ခန့် ပုံမှန် သောက်သုံးပေးသွားပြီး ကိုယ်လက်လေ့ကျင့်ခန်းပါ ပူးတွဲပြုလုပ်သူများ အနေဖြင့် ကိုယ်အရေပြား ကင်ဆာဖြစ်ပွားမှုမှ ကာကွယ်ပေးနိုင်သည်ဟု နယူးဂျာစီ တက္ကသိုလ်မှ သုတေသနပညာရှင်များက အကြံပြုထားသည်။ ။

(အင်တာနက်)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မီးသတ်စခန်း ပန္နက်တင် အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် လေးယူနစ် နှစ်ထပ် သံကူကွန်ကရစ်မီးသတ်စခန်းအသစ်ဆောက်လုပ်ခြင်း ပန္နက်တင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါမီးသတ်စခန်း၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်၍ ပန္နက်တင်ပေးသည်။

တက်ရောက်

ပန္နက်တင်အခမ်းအနားသို့ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မီးသတ်စခန်းသစ် တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်က ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ပန္နက်တင်

ထို့နောက် ဝန်ကြီးသည် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တာဝန်ရှိသူများနှင့်အတူ မင်္ဂလာအချိန်တွင် သတ်မှတ်နေရာအသီးသီး၌ မင်္ဂလာပန္နက် တင်ပေးကြပြီး ပန္နက်တိုင်များအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကာ ပန္နက်တင်အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးလက်တစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၁-၂၀၀၉ ရက်
(အင်္ဂါနေ့)

AM & PM

၇း၀၀ -၁း၀၀	MRTV-4 အဖွင့်Logo ယနေ့အစီအစဉ်
၇း၀၅ -၁း၀၅	**ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်** တရားတော် (အိုးကွဲ၊ ပန်းကန်ကွဲဖြစ်ပျက် ဥပမာပြု) (မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ)
၇း၅၀ -၁း၅၀	"ရွှေဖြူ"ဟုခေါ်သည် (အပိုင်း-၁)
၈း၁၀ - ၂း၁၀	Sunday Talk
၈း၅၅ - ၂း၅၅	မြန်မာ့စပီယူလိုင်းနား
၉း၁၀ -၃း၁၀	တေးဂီတအစီအစဉ်
၉း၁၅ -၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	ဦးနှောက် သွေးကြောပေါက်၍ လေဖြတ်ခြင်းအကြောင်း (ပါမောက္ခ ဒေါက်တာမြင့်သိန်း၊ ဒေါက်တာကျော်စွာအောင်)
၉း၄၅ -၃း၄၅	တေးဂီတအစီအစဉ်
၉း၅၀ -၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅ -၃း၅၅	ခမ်းနားမှုများနှင့် တန်ဆာဆင်ခြင်း
၁၀း၁၀ -၄း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅ -၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀ -၄း၂၀	**လှုပ်ရှားစုံစုံ မြန်မာ့သုခုမဇာတ်ခုံ** သစ္စာမေတ္တာ ရွှေမန်းသဘင် (အပိုင်း-၁)
၁၀း၅၀ -၄း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅ -၄း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅ -၅း၀၅	ဖားစည်သံဝေ ငွေဆောင်ကမ်းခြေ
၁၁း၂၅ -၅း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀ -၅း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅ -၅း၃၅	ရေအောက်ကမ္ဘာမှ ဆန်းပြားမှုများ (အပိုင်း-၂)
၁၁း၅၅ -၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀ -၆း၀၀	**ကြိုတင်ပြင်ဆင် ဆောင်ရွက်လျှင် အန္တရာယ်ကင်းစင်** **မွေးမိခင်** အကယ်ဒမီထွန်းထွန်းဝင်း၊ အကယ်ဒမီမေသန်းနု၊ ဖိုးသောကြာ၊ ပပဝင်းခင် [(ဒါရိုက်တာ- အောင်မိုး(ပဲရစ်)]
၁၂း၂၅ - ၆း၂၅	Music Gallery (တေးသံရှင်ရဲ့ တေးလက်ဆောင်- ရင်ဂို)
၁၂း၄၅ -၆း၄၅	ပျော်ရွှင်ဖွယ်နေ့ရက်များနှင့် အေးမြသောဆောင်းရာသီ
၁း၀၀ -၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဘူမိဗေဒဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ (၁၉၇၃၊ ၁၉၇၄၊ ၁၉၇၅)ခုနှစ်တို့တွင် ဘူမိဗေဒအဓိကဖြင့် ဘွဲ့ရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၈ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် အပူဇော်ခံ ဆရာ၊ ဆရာမကြီးများဖြစ်ကြသော ဦးစိုးသက်ပေါ်၊ ဦးဉာဏ်သင်း၊ ဦးသိန်း၊ ဦးဝင်းနိုင်နှင့် ဒေါ်ရင်ရင်နွယ်တို့က သြဝါဒစကားများ ပြောကြားကြသည်။ ထို့နောက် ကျောင်းသားကျောင်းသူဟောင်းများက စုပေါင်းကန်တော့ကြကာ ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။**(အပေါ်ပုံ)**

ဆက်လက်၍ ကျောင်းသား ကျောင်းသူဟောင်းများက ဘူမိသိပ္ပံအသင်း ဝန်ထမ်းဟောင်း ၁၁ဦး၊ ဆရာကြီး ဦးဘသန်းဟက် Foundation နှင့် ဆရာ ဒေါက်တာ ဦးမြင့်လွင်သိန်း Foundation တို့အတွက် အလှူငွေများ ပေးအပ်ခဲ့ကြသည်။

(သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၉

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၆၅၁)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ဖြန့်ချိထားသည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ ဘုရားသောက်တော်ရေ၊ ပရိတ်ရေများ အစွမ်းထက်ခြင်း၊ ပရိတ်အိုး၊ ပရိတ်ရေပုလင်းများ ဆူပွက်လာခြင်း၊ မန်းမှုတ်ပြီးသောရေများ အာနိသင်ထက်မြက်ခြင်းတို့ဖြစ်နိုင်ကြောင်းနှင့် ရေသည် လူကဲ့သို့ အာရုံခံစားနိုင်စွမ်းရှိကြောင်း အထောက်အထားများဖြင့် သက်သေပြလိုက်သည့် အထူးဆောင်းပါး၊ ကမ္ဘာ့ငြိမ်းချမ်းရေး ဗိသုကာကြီး ဦးသန့်၏ နှစ် ၁၀၀ပြည့် အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါးတို့နှင့် ကမ္ဘာ့အသက်ကြီးဆုံးလူသား မြန်မာနိုင်ငံတွင်ရှိ၊ လာမည့်ဘဏ္ဍာနှစ်အတွင်း ရန်ကုန်မြို့လမ်းမကြီးများ၌ လမ်းအပြည့်နှင့် လမ်းသွယ်များကို ထပ်ပိုးကတ္တရာ အပြီးခင်းမည်ဟုဆို၊ ယခုနှစ်ဆောင်းတွင် နှင်းများ ပိုမိုကျနိုင်သဖြင့် မော်တော်ယာဉ်များနှင့် ရေယာဉ်များတွင် နှင်းခွဲမီးများ တပ်ဆင်ထားသင့်၊ Online မှတစ်ဆင့် မြန်မာအောင်ဘာလေထီ တိုက်နိုင်ပြီ၊ မြန်မာနိုင်ငံ၏ ပထမဆုံးပင်လယ်မင်းသမီးရွေးပွဲ ကျင်းပမည်၊ သဘာဝဘေးနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို ဖော်ထုတ်နိုင်သော နိုင်ငံတကာရေးရာ နက္ခတ်ပညာသင်တန်းကို မြန်မာနိုင်ငံတွင် ပထမဦးဆုံးဖွင့်လှစ်မည်၊ မြန်မာ့ပထမဆုံး နေရောင်ခြည်စွမ်းအင်သုံးကားကို ကျောင်းသားတစ်ဦးကတီထွင်၊ အံ့မခန်း သိုင်းစွမ်းရည်ပြပွဲ၏ ထူးခြားလှသည့်မြင်ကွင်းစုံ၊ စင်ကာပူ၌ မြန်မာနိုင်ငံမှ နက္ခတ်ပညာသင်ကျောင်းဖွင့်မည်၊ မော်ဒယ်မြင့်ကားများပါဝင်သည့်လေလံပွဲကို မုံရွာမြို့တွင် မကြာမီကျင်းပမည်၊ ကမ္ဘာ့ပထမဆုံး ရေခဲဟိုတယ်၌ မင်္ဂလာဆောင်လိုလျှင်…၊ ရေခဲနေသောမြစ်တစ်လျှောက်မှ ငါးများကို လူပေါင်းတစ်သန်းကျော် စုပေါင်းဖမ်းယူ၊ ရွှေကမ္ဘာလုံးရုပ်ရှင်ထူးချွန်ဆုပေးပွဲ မြင်ကွင်း၊ လက်ညှိုးထက် လက်သူကြွယ်ပိုရှည်သူများသည် စီးပွားရေး၌ ပိုမိုအောင်မြင်သည်ဟုဆို၊ ပင့်ကူလူသားက အိုဘားမားကိုကယ်တင်၊ ဟောင်ကောင်ကျွန်းနှင့် တရုတ်ပြည်မကြီးကို ၁၈မိုင်ရှည်မည့် ကမ္ဘာ့အရှည်ဆုံး ပင်လယ်ကူးတံတားကြီးဖြင့် ဆက်သွယ်မည်၊ အစ္စရေးတို့၏ အီရန် နျူကလီးယားစက်ရုံ ဗုံးကြဲမည့်အစီအစဉ်ကို အမေရိကန်က တားဆီးနိုင်ခဲ့၊ စကိတ်စီးချန်ပီယံ ကိုယ်ဝန်ဆောင်မိခင်ကွယ်လွန်ပြီး နှစ်ရက်ကြာမှ ဗိုက်ခွဲမွေးခဲ့ရသည့်ကလေးငယ် အသက်ရှင်၊ အစ္စရေးနှင့် ဟားမားစ်တို့ အပစ်အခတ်ရပ်စဲလိုက်ပြီ၊ အစ္စရေးတပ်များ ဂါဇာကမ်းမြောင်ဒေသမှ ပြန်လည်ဆုတ်ခွာစသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျကဏ္ဍမျိုးစုံကို မေတ္တာလက်ဆောင်အချပ်ပိုရှစ်မျက်နှာနှင့်အတူ ထည့်သွင်းဖော်ပြထားပြီး အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ အသက်၇၅နှစ်အထက် သက်ကြီးပူဇော်ပွဲ၊ ၂၀၀၇-၂၀၀၈ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲ၊ တက္ကသိုလ်ပညာသင်ဆုချီးမြှင့်ပွဲ၊ နိုင်ငံတော်အဆင့် ဘွဲ့ထူး၊ ဂုဏ်ထူးချီးမြှင့်ခံပုဂ္ဂိုလ်တို့အား ဂုဏ်ပြုပွဲနှင့် ဒေသဖွံ့ဖြိုးရေး အလှူငွေ ပေးအပ်ပွဲတို့ကို လာမည့်ဖေဖော်ဝါရီ ၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း (၃)လမ်းထိပ်ရှိ စွမ်းအင်ဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်စာရင်းပေးနိုင်

သက်ကြီးပူဇော်ပွဲအတွက် အသက် (၇၅)နှစ်နှင့်အထက် အသင်းသူအသင်းသားများသည်လည်းကောင်း၊ ၂၀၀၇-၂၀၀၈ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများနှင့် ဂုဏ်ထူးရရှိသူများသည်လည်းကောင်း၊ နိုင်ငံတော်အဆင့် ဂုဏ်ပြုချီးမြှင့်ခံရသူများနှင့် တက္ကသိုလ်ပါရဂူဘွဲ့ရသူများသည်လည်းကောင်း ဖေဖော်ဝါရီ ၁၀ရက် နောက်ဆုံးထား၍ ဦးစိုးညွှန့် (ဦးစီးနာယက) ဖုန်း-၅၄၁၆၈၆၊ ဦးကျော်ခိုင် (ဥက္ကဋ္ဌ) ဖုန်း-၂၄၆၁၄၀၊ ဗိုလ်မှူးမြင့်သူ(ငြိမ်း) (အတွင်းရေးမှူး) ဖုန်း-၂၉၂၅၀၀၊ ဦးစန်းအောင် (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၆၆၄၆၀၇၊ ဦးမောင်မောင်မြင့် (ဘဏ္ဍာရေးမှူး) ဖုန်း-၅၄၇၄၅၅၊ ဦးကြိုင်မြင့် (ပြန်ကြားရေးမှူး) ဖုန်း-၀၉-၈၇၀၂၂၆၄ နှင့် ဒေါ်ဥ(အမှုဆောင်)ဖုန်း-၀၉-၈၀-၃၃၉၁၅တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

စစ်တွေမြို့သို့ နေ့စဉ်ရေဂါလန်တစ်သန်းခွဲခန့်အထိ တိုးမြှင့်ပေးဝေနိုင်ရေး ကန်တော်ငယ် တာပေါင်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၉

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဒုတိယဥက္ကဋ္ဌဗိုလ်မှူးကြီးစိုးလွင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ၂၈ရက်က စစ်တွေမြို့သို့ ရေပေးဝေလျက်ရှိသည့် ကန်တော်ကြီးရေကန် ရေသိုလှောင်ထားမှုနှင့် ကန်တော်ငယ်ရေကန် တာပေါင်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းမှူးအား ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်မောင်အေးက ရှင်းလင်းဆောင်တွင် ကန်တော်ကြီးရေကန်မှ စစ်တွေမြို့သို့ သောက်သုံးရေ သန့်ရှင်းစွာ နေ့စဉ်ရေဂါလန်တစ်သန်းပေးဝေနေမှုနှင့် ရေတိုးမြှင့်ပေးဝေရန်အတွက် ကန်တော်ငယ်ရေကန်အား ကျပ်သိန်း ၅၀၀ခန့် အကုန်အကျခံကာ အမြင့်ပေ ၆ပေရှိ တာပေါင်များ စက်ယန္တရား၊ လူအင်အားဖြင့် ဆောင်ရွက်နေမှုကို ဇယား၊ ကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကန်တော်ကြီးရေကန်ရေများ သန့်ရှင်းစွာ သိုလှောင်ထားမှုနှင့် ကန်တော်ငယ်တာပေါင်တွင် စက်ယန္တရားများ၊ လူအင်အားများဖြင့် တာပေါင်ဖြင့် မြေဖို့ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** လိုအပ်သည်များကို မှာကြားခဲ့သည်။

အဆိုပါ ကန်တော်ငယ်တာပေါင်မြှင့်တင်ခြင်းလုပ်ငန်းပြီးစီးပါက စစ်တွေမြို့သို့ နေ့စဉ် ရေဂါလန်တစ်သန်းခွဲအထိ တိုးမြှင့်ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။ (၁၁၃)

* *ကျောဖုံးမှ*

ဆွီဒင်နိုင်ငံ ဂျူကတ်ဂျာရာဗီမြို့တွင် တည်ဆောက်ထားသော ရေခဲဟိုတယ်ကို ရေခဲတုံးများ၊ ဆီးနှင်းခဲတုံးများဖြင့် စနစ်တကျပြုလုပ်ထားသည်။ ရေခဲဟိုတယ်အတွင်း အမြဲတမ်း နှင်းမှုန်ဖွဲဖွဲလေးများကျစေရန်လည်း စီမံပေးထားသည်ဖြစ်ရာ လာရောက်တည်းခိုသူများအတွက် ရေခဲပြင်များ၊ ဆီးနှင်းများ၏ ထိတွေ့မှုကို ပကတိခံစားရမည်ဖြစ်သည်။

အခန်း ၉၁ ခန်း

ရေခဲဟိုတယ်တွင် အခန်းပေါင်း ၉၁ခန်းရှိရာ တစ်ဦးချင်း သီးသန့်ခန်းနှင့် နှစ်ယောက်ခန်းများအပြင် မိသားစုများတည်းခိုရန် အခန်းကျယ်များလည်း ဖွဲ့စည်းပေးထားသည်။ ဟိုတယ်အတွင်းအခန်းများနှင့် လမ်းများတစ်လျှောက် ကီလိုဝပ် အားနည်းသော လျှပ်စစ်မီးချောင်းများ ဖွင့်ပေးထားသည်။

အအေးဒဏ်ခံနိုင်ရန်

ရေခဲဟိုတယ်တစ်ခုလုံး၏ အခန်းတိုင်းတွင် ရေခဲတုံးများဖြင့် ပြုလုပ်ထားသော ခုတင်နှင့် အအေးဒဏ်ကိုခံနိုင်သော အခင်း၊ ခေါင်းအုံး၊ စောင်တို့ကို ထားရှိပေးထားသည်။ ခြင်ထောင်ကိုမူ ပေးထားခြင်းမရှိချေ။

ရေခဲဟိုတယ်အတွင်း ရေခဲတုံးများဖြင့် ပြုလုပ်ထားသော တိုင်လုံးကြီးများ၊ သစ်ပင်ကြီးများနှင့် ရေခဲရုပ်တုမျိုးစုံကို လာရောက်တည်းခိုသူများ ပသာဒဖြစ်အောင် ပြုလုပ်ပေးထားသည်။ ယခုအခါ ရေခဲဟိုတယ်အတွင်း နိုင်ငံတကာမှ မင်္ဂလာမောင်နှံများက လာရောက်ကာ လက်ထပ်ပွဲဆင်နွှဲနေကြသည်မှာ စုစုပေါင်း မင်္ဂလာစုံတွဲ ၁၅၀ ကျော်ရှိနေပြီဖြစ်သည်။

အနွေးထည်

ရေခဲဟိုတယ်ကို အထပ်များပြုလုပ်ထားခြင်းမဟုတ်ဘဲ မြေပြင်၌သာ ကျယ်ဝန်းသောအခန်းများ ဖွဲ့စည်းပြီး တည်ဆောက်ထားခြင်းဖြစ်သည်။ ရေခဲဟိုတယ်အတွင်း လာရောက်တည်းခိုသူများအနေဖြင့် ထူထဲသောအနွေးထည်များ ယူဆောင်လာရမည်ဖြစ်ပြီး ဆေးလိပ်သောက်ခြင်းနှင့် မီးသုံးစွဲမှုကို တားမြစ်ထားသည်။

ဆောင်းရာသီ

ဆွီဒင်နိုင်ငံအနေဖြင့် ယခင်နှစ်များက အဆင့်မီရေခဲဟိုတယ်များကိုတည်ဆောက်ခဲ့ခြင်းမရှိဘဲ သာမန်ဟိုတယ်မျိုးများသာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယခု တည်ဆောက်ထားသော ရေခဲဟိုတယ်ကို ဆောင်းရာသီအတွင်း၌သာ တည်ဆောက်ဖွင့်လှစ်ခြင်းဖြစ်သည်။

နှစ်စဉ်ဆောင်းရာသီတိုင်း ရေခဲဟိုတယ်ကို တည်ဆောက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ကျန်သည့်မိုးရာသီနှင့် နွေရာသီများ၌ ဖွင့်လှစ်မည်မဟုတ်ကြောင်း သိရသည်။

(အင်တာနက်)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖို မီးကြွင်း မီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ရန်၊

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။ (မီးသတ်ဦးစီးဌာန)

ဆင်ဖြူကျွန်းအောင်သိန်း၏ ကိုဆေးရိုးဝတ္ထုတိုပေါင်းချုပ် စာအုပ်ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၉

ဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း၏ ကိုဆေးရိုးဝတ္ထုတိုပေါင်းချုပ်စာအုပ် ထွက်ရှိလာသည်။ **(အပေါ်ပုံ)**

အဆိုပါစာအုပ်တွင် ၁၉၅၃ခုနှစ်မှ စတင်ရေးသားခဲ့ပြီး ၁၉၆၂ခုနှစ်တွင် ပုဂံစာအုပ်တိုက်မှ စတင်ထုတ်ဝေခဲ့သော ကိုဆေးရိုးဝတ္ထုတိုများ၊ ၂၀၀၇ခုနှစ်တွင် ပုဂံစာအုပ်တိုက်နှင့်ပင် အဆုံးသတ်ခဲ့သော ကိုဆေးရိုးဝတ္ထုတိုများ စသည်ဖြင့် ဆရာကြီး၏ ကိုဆေးရိုးဝတ္ထုတိုများကို စုစည်း၍ ပုဂံစာအုပ်တိုက် နှစ်ပတ်လည် အထူးထုတ်အဖြစ် "ကိုဆေးရိုးပေါင်းချုပ်"စာအုပ်ကြီးကို ထုတ်ဝေလိုက်ခြင်း ဖြစ်သည်။

မြန်မာတို့၏ မှန်ကန်ကောင်းမွန်သော ဓလေ့ထုံးတမ်း တစ်ခုဖြစ်သည့် အညာဒေသသုံး အခေါ်အဝေါ်များအဖြစ် ကိုဆေးရိုးဟုခေါ်ရန်၊ အရွယ်ရင့်နေသူများကို ကောင်းဆေးရိုး၊ ကောင်းထက် ပိုမိုကြီးရင့်သွားပါက ရီးဆေးရိုး၊ ထို့နောက်မှ ဦးဆေးရိုး၊ ဘဆေးရိုး စသည်ဖြင့် အရွယ်ကို လိုက်၍ "ရှေ့တပ်" စကားလုံးများ ပြောင်းလဲသွားပုံ၊ ပျိုမျစ်နုနယ်စဉ် ကိုဆေးရိုး၊ မကျီးဒန်မှသည် အသက်အရွယ်ကြီးရင့်လာသည်အထိ ဘဆေးရိုး၊ အမေကြီးကျီးဒန်အထိ သား၊ သမီး မြေးမြစ်တို့၏ ဘဝအထွေထွေကို မြန်မာတို့၏ အညာအတွေ့၊ အညာဓလေ့များဖြင့် အသေးစိတ်ခြယ်မှုန်းရေးဖွဲ့ထားခြင်းဖြင့် အမျိုးသားစာပေ တစ်သက်တာစာပေဆု ချီးမြှင့်ခြင်းခံရသော ဆရာကြီးဆင်ဖြူကျွန်းအောင်သိန်း၏ နှစ်ပေါင်း၅၀ကျော် ထူးခြားသော အားထုတ်မှုများကို တောက်လျှောက် ခံစားဖတ်ရှုကြရမည်ဖြစ်သည်။

ယင်းစာအုပ်ကို ပုဂံစာအုပ်တိုက် နှစ်ပတ်လည် အထိမ်းအမှတ် အဖြစ် ဇန်နဝါရီ၂၂ရက်မှ ၂၆ရက်အထိ ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ အင်းဝစာအုပ်တိုက်၌ ရောင်းချမည်ဖြစ်ပြီး ပုဂံစာအုပ်တိုက် လက်ကျန်စာအုပ်အချို့ကိုလည်း စာဖတ်သူများအတွက် ၃၀ရာခိုင်နှုန်း ဈေးလျှော့ ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(မြန်မာနိုင်ငံဆရာဝန်အသင်း)

သားဖွားမီးယပ်ပညာအဖွဲ့

8th OG Conference

(၂၀၀၉ ဖေဖော်ဝါရီ ၁၈၊ ၁၉)

ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု အရည်အသွေးမြှင့် သင်တန်းအမှတ်စဉ် (၁/၂၀၀၈) သင်တန်းဆင်းပွဲတွင် သင်တန်းထူးချွန်ဆုရရှိသော သင်တန်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုအရည်အသွေးမြှင့်သင်တန်းဆင်း

ရန်ကုန် ဇန်နဝါရီ ၁၉

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု အရည်အသွေးမြှင့်သင်တန်း အမှတ်စဉ်(၁/၂၀၀၈) ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း The New Light of Myanmar သတင်းစာတိုက် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ်များ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ စာတည်းမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းလက်မှတ်ပေးအပ်

အခမ်းအနားတွင် ဝန်ကြီးကိုယ်စား သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးဝင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ကာ သင်တန်းတွင် ပို့ချပေးခဲ့သော သင်တန်းနည်းပြဆရာ ဆရာမများအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

သင်တန်းကာလ

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၁ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ၁၂ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

IBTC Open Golf Championships ပြိုင်ပွဲ ဖေဖော်ဝါရီ ၂၄ရက်တွင် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၈-၂၀၀၉ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ IBTC Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ ရန်ကုန်ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၆ရက်မှ ၁၉ရက်အစား ဖေဖော်ဝါရီ ၂၄ရက်မှ ၂၇ရက် အထိ ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကွင်း(တညင်းကုန်း)၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ဌာပနာတော်ပစ္စည်းများ ပူဇော်လှူဒါန်းနိုင်ရန်

အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန် နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိသည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ သတ္တဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာ၊ အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ အခမ်းအနားများကို မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့ (၉-၂-၂၀၀၉ ရက်)တွင် ကျင်းပသွားရန် စီစဉ်ထားရှိပါသည်။

သို့ပါ၍ စေတီတော်မြတ်ကြီး၌ ဌာပနာတော်ထည့်သွင်းပူဇော်လှူဒါန်းလိုသူ စေတနာရှင် ရဟန်းရှင်လူပြည်သူများအနေဖြင့် လှူဒါန်းပစ္စည်းများအား အောက်ပါ ပုဂ္ဂိုလ်/ဌာနများသို့ အချိန်မီ ဆက်သွယ်ပေးပို့လှူဒါန်းပူဇော်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည် -

(က) ဗိုလ်မှူးကြီးသိန်းညွန့်၊ ဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၀၉၀၂၃၊ ၀၆၇-၄၀၉၃၆၃

(ခ) ဗိုလ်ချုပ်သန်းငွေး၊ ညွှန်ကြားရေးမှူး၊ ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး လုပ်ငန်းကော်မတီ)
ဖုန်း-၀၃၆-၃၁၀၃၀၊ ၀၃၆-၃၁၀၅၀

(ဂ) ဗိုလ်မှူးကြီးတင်ငွေ၊ ဒုတိယဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန (အဖွဲ့ဝင်၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၀၉၃၆၈

(ဃ) ဗိုလ်မှူးကြီးကံချွန်
(အတွင်းရေးမှူး၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ)
ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၀၆၇-၄၁၄၂၀၂

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား

လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တပေါင်းပွဲတော်တွင် ကျင်းပမည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်မည့် အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြီးစီးမည့်အချိန်နှင့် ကိုက်ညှိပြီး နေပြည်တော်၌ ကျင်းပမည် ဖြစ်ပါသည်။

လှူဒါန်းနိုင်

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင်ကပ်လှူရန် ရွှေပြား (၁ပေ×၁ပေ)	၂၉၆၄ ချပ် ၁ ချပ်	ကျပ်	၁၆၂၀၀၀၀နှုန်း
(၂) ကြာနှင့် ရွဲများတွင်ကပ်လှူရန် ရွှေပါးလွှာ (၁ပေ×၁ပေ)	၄၂၀၈ ချပ် ၁ ချပ်	ကျပ်	၅၈၀၀၀၀နှုန်း
(၃) ကျောက်ပြား(မာဘယ်) (၂ပေ×၂ပေ)	၂၂၈၁၉ ချပ် ၁ ချပ်	ကျပ်	၂၂၀၀၀နှုန်း
(၄) စကျင်ကျောက် (၂ပေ×၂ပေ)	၁၀၀၈၈၉ ချပ် ၁ ချပ်	ကျပ်	၁၃၀၀၀နှုန်း
(၅) မြစ်သားကျောက် (၂ပေ×၂ပေ)	၂၄၇၈၆ ချပ် ၁ ချပ်	ကျပ်	၁၃၀၀၀နှုန်း

ဆက်သွယ်နိုင်

လှူဒါန်းလိုသူများသည် **"ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီ"** အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄ ၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ကလေးဝမြို့ပတ်လမ်း ကတ္တရာခင်းဆောင်ရွက်

ကလေး ဇန်နဝါရီ ၁၉

ကလေးဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်(ငွေလုံးငွေရင်း) မြို့ပြလမ်းဖြစ်သော မြို့ပတ်လမ်းကတ္တရာခင်းဆောင်ရွက်ခြင်း လုပ်ငန်းအတွက် ကျောက်စီခြင်း၊ ကြိတ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်က အမှုဆောင်အရာရှိဦးဇော်ခင် ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ (၃) ဦးအောင်အောင်က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

ရွှေဂွန်းအထက ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၉

ရွှေဂွန်းမြို့အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၁ရက် (တနင်္ဂနွေနေ့)က ရွှေဂွန်းအထကကျောင်း၌ ကျင်းပရာ ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ကြပြီး ငွေသားနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် ကန်တော့ခံဆရာကြီး ဆရာမကြီးများကိုယ်စား ကျောင်းအုပ် ဆရာမကြီး ဒေါ်မြင့်မြင့်ဝင်းက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ **(အပေါ်ပုံ) (မြန်မာ့အလင်း)**

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင် ပို့ဆောင်ရေးက ဆက်သွယ်ရေးကို ဂိုးပြတ်အနိုင်ရ

➢ သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ-ဖိုးသော်ဇင် ➢ စာမျက်နှာဖွဲ့စည်းမှု - ဘိုဘိုမင်း (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁၉

၂၀၀၈-၂၀၀၉ဘောလုံးရာသီ မြန်မာလိဂ် (အဆင့်မြင့်တန်း) အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ၃ နာရီခွဲက အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်းတို့၌ ဆက်လက်ကျင်းပရာ ပို့ဆောင်ရေးအသင်း အနိုင်ရသွားပြီး ကမ္ဘောဇနှင့် မြို့တော်စည်ပင်တို့ သရေကျသွားပါတယ်။

အောင်ဆန်းကွင်း

ကမ္ဘောဇ - တစ်ဂိုး
မြို့တော်စည်ပင် - တစ်ဂိုး

လေးပွဲကစားပြီးချိန်အထိ နိုင်ပွဲမရသေးဘဲ သရေသုံးပွဲ၊ ရှုံးပွဲတစ်ပွဲဖြင့် သုံးမှတ်သာရသေးပြီး တန်းဆင်းဇုန်အန္တရာယ်ထဲ ကျရောက်နေသော မြို့တော်စည်ပင်အသင်းရဲ့ နိုင်ပွဲရရှိရေး ရုန်းကန်မှုကြောင့် ပွဲဟာ အပြန်အလှန်ရှိခဲ့ပါတယ်။ ယမန်နှစ်ပြိုင်ပွဲမှာ ဒုတိယဆု ရရှိထားတဲ့ ကမ္ဘောဇအသင်းဟာ ထိပ်ဆုံးက ဦးဆောင်နေတဲ့အသင်းတွေကို အမီလိုက်ဖို့အတွက် အမာခံကစားသမားတွေကို ပွဲထုတ်ကာ ရင်ဆိုင်ခဲ့ပါတယ်။ မြို့တော်စည်ပင်အသင်းဟာ အခုပွဲမှာ ဦးဆောင်ဂိုးစသွင်းနိုင်ပေမယ့် ပယ်နယ်တီကတစ်ဆင့် ချေပဂိုး ပြန်ပေးလိုက်ရတာကြောင့် ထုံးစံအတိုင်း နိုင်ပွဲနဲ့ ဝေးခဲ့ပြန်ပါတယ်။

နှစ်သင်းစလုံး အမှတ်ပြည့်ရယူနိုင်ဖို့အတွက် ပွဲစကတည်းက တိုက်စစ်အားမြှင့်ခဲ့ကြလို့ အပြန်အလှန်ရှိခဲ့ပါတယ်။ တစ်မိနစ်မှာ ကမ္ဘောဇက စိုးမင်းဦးရဲ့ အနီးကပ်ကန်ချက် ဘားထိထွက်သွားခဲ့သလို လေးမိနစ်မှာလည်း စည်ပင်က ဇင်မျိုးအောင် အပိုင်ကန်ခွင့်ရပေမယ့် အပေါ်ကျော်သွားခဲ့ပါတယ်။ ကိုးမိနစ်မှာတော့ မြို့တော်စည်ပင်အသင်း အဖွင့်ဂိုးစရသွားပြီး ပြစ်ဒဏ်ဘောကတစ်ဆင့် လှအေးထွေးက ခေါင်းတိုက်သွင်းယူခဲ့တာပါ။ ဂိုးပေးလိုက်ရလို့ ကမ္ဘောဇအသင်း ကစားအား ပြန်တင်လာပြီး ၁၅ မိနစ်မှာ စိုးမင်းဦး ဘောလုံးဆွဲအယူမှာ စည်ပင်နောက်ခံလူ အောင်ဇော်မျိုး လက်နဲ့တားသလို ဖြစ်သွားတာကြောင့် ကမ္ဘောဇပယ်နယ်တီကန်ခွင့် ရသွားပါတယ်။ အဲဒီပယ်နယ်တီကို တိုက်စစ်မှူး ကျော်သီဟ သွင်းယူခဲ့လို့ တစ်ဂိုးစီ သရေဖြစ်သွားပါတယ်။

အဆုံးသတ်

အဲဒီ နောက်ပိုင်းမှာ ပွဲဟာ ကစားပုံ အနည်းငယ်ကြမ်းလာခဲ့ပြီး ဒိုင်လူကြီးတွေရဲ့ ဆုံးဖြတ်ချက်မရဲတာတွေက ပွဲရဲ့အရှိန်ကို လျော့သွားစေပါတယ်။ ၃၇ မိနစ်မှာ ကမ္ဘောဇအသင်း ဂိုးထပ်ရနိုင်တဲ့ အခွင့်အရေးရခဲ့ပေမယ့် အောင်မိုးရဲ့ အပိုင်ကန်ချက်ကို စည်ပင်ဂိုးသမား ယဉ်မင်းအောင် ကာကွယ်နိုင်ခဲ့ပါတယ်။ ဒုတိယပိုင်းမှာတော့ ပွဲဟာ ပထမပိုင်းလောက် အပြန်အလှန်မရှိတော့ပါဘူး။ နှစ်သင်းစလုံး ဂိုးမပေးရဖို့ ခံစစ်ကို အသားပေးကစားခဲ့တာကြောင့်လည်း ဂိုးရဖို့ခက်ခဲခဲ့ကြပြီး တစ်ဂိုးစီသရေနဲ့သာ အဆုံးသတ်ခဲ့တာဖြစ်ပါတယ်။



ကမ္ဘောဇတိုက်စစ်မှူး ကျော်သီဟကို ထိန်းချုပ်ရန် ကြိုးစားနေသည့် မြို့တော်စည်ပင်နောက်ခံလူ အောင်ဇော်မျိုး။ (မြန်မာ့အလင်း)

သုဝဏ္ဏကွင်း

ပို့ဆောင်ရေး - လေးဂိုး
ဆက်သွယ်ရေး - ဂိုးမရှိ

ပို့ဆောင်ရေးအသင်းဟာ ဆက်သွယ်ရေးကို ခြေအသာနဲ့ကစားသွားပြီး ဂိုးပြတ်အနိုင်ရသွားပါတယ်။ ပထမပိုင်းမှာ အောင်မြင့်ထွန်းနဲ့ ကျော်ဇေယျာမင်း၊ ဒုတိယပိုင်းမှာ ပြည့်ဖြိုးဦးနဲ့ ထက်အောင်တို့က အနိုင်ဂိုး တစ်ဂိုးစီ သွင်းယူခဲ့ကြပါတယ်။ ပို့ဆောင်ရေးက ငါးပွဲကစားရှစ်မှတ်ရရှိထားပြီး ဆက်သွယ်ရေးက ငါးပွဲစလုံးရှုံးပြီး ဇယားအောက်ဆုံးရောက်နေပါတယ်။

ယနေ့ပွဲ

အောင်ဆန်းကွင်း

ဘဏ္ဍာ/အခွန် - လယ်ယာ/ဆည်မြောင်း

သုဝဏ္ဏကွင်း

စီးပွား/ကူးသန်း - ကာကွယ်ရေးဝန်ကြီးဌာန။

(မြန်မာ့အလင်း)

ဒေါပုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဇန်နဝါရီ ၁၆ရက်က ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ရေရှည်ရှင်သန်ခိုင်မာရေး ဆွေးနွေးဟောပြောပွဲကို ဗိုလ်ထွန်းဖံရပ်ကွက် ထွန်းဖံစာကြည့်တိုက်၌ကျင်းပပြီးနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အုံးညွန့်က ထွန်းဖံစာကြည့်တိုက်အတွက် စာစောင်များ လှူဒါန်းရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနေလင်းအောင် လက်ခံယူစဉ်။ (မြို့နယ်ပြန်/ဆက်)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ယခုအပတ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၉

'ဝ'မရှိဘဲ ဝိလုပ်သည့် ပဲကုန်သည်အချို့ အကျင့်စရိုက်ပြုပြင်ရန်လို သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ် (၆၁)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ယနေ့ဖြန့်ချိလိုက်သည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်တွင် ဝက်များတွင် ကူးစက်ပျံ့နှံ့သေဆုံးနိုင်သည့် ရောဂါသစ် ပေါ်ပေါက်နေကြောင်း ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ်က အကြောင်းကြား၊ သီရိမင်္ဂလာဈေးကြီးအား ပြောင်းရွှေ့မည်ဆိုသည်မှာ ကောလာဟလသာဖြစ်၊ မော်ဘီအုတ်စက်ကို စည်ပင်သာယာက လွှဲပြောင်းရယူ၊ ဧည့်ဝတီသားကြီး ဦးငဖြူ၏ မိုင်ထောင်ချီ စက်ဘီးခရီး၊ ဇူလိုင်၂၂ရက်တွင် နေလုံးဝကြတ်မည်ကို မြင်တွေ့နိုင်၊ အသက်၁၁၅နှစ်ရှိ ဖွားချစ်မယ်၏ သက်ရှည်ကျန်းမာနေထိုင်နည်း၊ မျက်ကပ်မှန်ကရတဲ့ မျက်စိဝေဒနာ၊ ဦးနှောက်ပြင်ပရောက်ကလေးငယ်အတွက် ဆေးဝါးကုသစရိတ်လိုအပ်နေ၊ မျှော်စင်ကျွန်း၌ ကျင်းပခဲ့သည့် Music Concert ဖျော်ဖြေပွဲအောင်မြင်ခဲ့၊ မြန်မာ့မန်ကျည်းနှင့် ထန်းလျက်ကို အိန္ဒိယကအကြိုက်တွေ့နေ၊ ဗီယက်နမ်မှ တယ်လီဖုန်းကုမ္ပဏီ မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်လို၊ မန္တလေးလေလံအပြီး ဈေးကွက်အတွင်း အမြင့်ကားဈေးနှုန်းများ အနည်းငယ်ပြန်လှုပ်၊ မင်းဓမ္မအိမ်ရာများကို လေလံတင်ရောင်းချမည်၊ စစ်တွေဆိပ်ကမ်းဖွံ့ဖြိုးရေးအတွက် ဒေါ်လာသန်း ၁၃၀ ချေးရန်သဘောတူ၊ အိန္ဒိယက သံမဏိစီမံကိန်းအတွက် ဒေါ်လာ ၈၄ သန်းချေးမည်၊ မြောက်ကိုရီးယားသို့ မြန်မာ့ရော်ဘာများ တင်ပို့ရောင်းချမည်၊ ဇန်နဝါရီလကုန်တွင် မြန်မာနိုင်ငံအပေါ် အအေးလှိုင်းများဖြတ်ဖွယ်ရှိ၊ အစ္စရေးအား တိုက်ခိုက်မည့် ဂျီဟာတ်စစ်ပွဲအတွက် ဘင်လာဒင်၏ တိုက်ပွဲခေါ်သံ၊ ဘင်လာဒင်ကို စီအိုင်အေက အပြင်းအထန်ရှာဖွေနေပြီ၊ ဟစ်ဇ်ဘိုလာတို့က သွေးသံရဲရဲ လက်စားချေတုံ့ပြန်မှုနှင့် အစ္စရေးအားတုံ့ပြန်ရန် အကွက်ချစီစဉ်နေ၊ အစ္စရေးတို့လေကြောင်းတိုက်ခိုက်မှုကြောင့် ဟားမာ့စ်ခေါင်းဆောင် သုံးဦးသေဆုံး၊ တောင်ကိုရီးယား၏ ထိပ်တိုက်တွေ့ဆုံရေးမူဝါဒကို မြောက်ကိုရီးယားက လက်စားချေမည်ဟုပြောကြား စသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက် ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ညှော်မထလမ်းသစ်ဖွင့်

မြဝတီ ဇန်နဝါရီ ၁၂

မြဝတီမြို့ အမှတ်(၅)ရပ်ကွက်တွင် ကိုယ့်အားကိုယ်ကိုး ညှော်မထ ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၁ရက်က အဆိုပါမုခ်ဦး၌ ကျင်းပသည်။

ဖွင့်လှစ်

အမှတ်(၅)ရပ်ကွက် ညှော်မထကတ္တရာလမ်းသစ်ကို ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးဘဏ်ထွန်း၊ ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း၊ မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆောင်ရွက်ခဲ့

အဆိုပါလမ်းကို မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ထည့်ဝင်ငွေကျပ် ၃၉၉၅၀၀၀၊ ပြည်သူများ ထည့်ဝင်ငွေကျပ် ၅၁၂၅၀၀၀ စုစုပေါင်း ကုန်ကျငွေကျပ် ၉၁၂၀၀၀၀ဖြင့် အလျား ပေ၉၄၀၊ အကျယ် ၁၂ပေ ဆောင်ရွက်သည်။ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော လမ်းများအပြင် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်း ၄၁လမ်း၊ အရှည်ပေ ၂၃၆၂၀ဆောင်ရွက်ရန်လျာထားပြီး ကိုယ့်အားကိုယ်ကိုးလမ်းခင်းခြင်းအတွက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကတ္တရာဖိုးထည့်ဝင်ငွေ ကျပ် ၇၁၁၉၅၆၀၀၊ စည်ပင်သာယာရေးအဖွဲ့မှ ကတ္တရာဖိုးထည့်ဝင်ငွေကျပ် ၃၇၄၇၇၈၀၀၊ ပြည်သူများ ထည့်ဝင်ငွေကျပ် ၁၆၇၂၀၆၀၀၀ စုစုပေါင်း ကုန်ကျငွေကျပ် ၂၇၅၈၇၉၄၀၀ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆောင်ရွက်ပြီး ၁၂လမ်း၊ အရှည်ပေ ၇၂၇၀၊ ဆောင်ရွက်ရန်ကျန် ၂၉ လမ်း၊ အရှည်ပေ ၁၆၃၅၀ဖြစ်ကြောင်းနှင့် ဆောင်ရွက်ရန် ကျန်လမ်းများအား ဘဏ္ဍာရေးနှစ်အတွင်း အပြီးဆောင်ရွက်မည်ဖြစ်သည်။

(မြို့နယ်စည်ပင်)

မန္တလေးမြို့ပတ်လမ်းမကြီး တိုးချဲ့ပြုပြင်ရေးလုပ်ငန်းနှင့် သင်္ဂဇာချောင်းဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

မန္တလေး ဇန်နဝါရီ ၁၀

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် ဒီဇင်ဘာ၂၃ရက် ညနေ ပိုင်းက မန္တလေးမြို့ပတ်လမ်းမကြီးအား မန္တလေး-ပြင်ဦးလွင်လမ်း၊ ၃၅လမ်းနှင့် လမ်း ၃၀အတွင်း အကြီးစား လမ်းတိုးချဲ့ပြုပြင် ဆောင်ရွက်နေခြင်းလုပ်ငန်းနှင့် သင်္ဂဇာချောင်းအနီး ရေဆိုးသန့်စင်ကန် ဆောင်ရွက်ထားရှိမှုနှင့် သင်္ဂဇာချောင်းဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးမြို့ပတ်လမ်းမကြီး မန္တလေး-ပြင်ဦးလွင်လမ်း၊ ၃၅လမ်းနှင့် လမ်း ၃၀ အကြား အကြီးစားလမ်းတိုးချဲ့ပြုပြင်ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ လမ်းတံတားဌာန ဌာနခွဲမှူးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

စနစ်တကျ

ထို့နောက် မြို့တော်ဝန်က မန္တလေးမြို့ပတ်လမ်းမကြီး မန္တလေး-ပြင်ဦးလွင်လမ်း၊ ၃၅လမ်းနှင့် လမ်း ၃၀အကြား အကြီးစား ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းကို သတ်မှတ်ချိန်အတွင်း ပြီးစီးရေး၊ အလေအလွင့် နည်းပါးရေးနှင့် စံချိန် စံညွှန်းမီရေးတို့အတွက် စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် သင်္ဂဇာချောင်းအနီး ရေဆိုးသန့်စင်ကန်သို့ ရောက်ရှိပြီး ရေဆိုးသန့်စင်ကန်အတွင်းရှိ Paddle Wheels များဖြင့် မောင်းနှင်လည်ပတ်၍ ရေဆိုးများ အဆင့်ဆင့်သန့်စင် ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရေနှင့် သန့်ရှင်းမှုဌာန ဌာနခွဲမှူးက ရှင်းလင်းတင်ပြရာ သင်္ဂဇာချောင်းရေ သန့်ရှင်းရေးအတွက် ရေနှင့် သန့်ရှင်းမှုဌာန၊ သန့်ရှင်းရေးဌာနတို့မှ တာဝန်ရှိသူများပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးတို့အတွက် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(၃၁၃)**

ပျော်ဘွယ်၌ သုတဂေဟာ စာကြည့်တိုက်အဆောက်အအုံဖွင့်

ပျော်ဘွယ် ဇန်နဝါရီ ၄

ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဇလျမ်းတောင်ကျေးရွာအုပ်စု ပန်းတောကျေးရွာရှိ သုတဂေဟာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၃ရက် နံနက် ၁၀နာရီကကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်မေသန္တာအောင်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်ညွှန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ် ဦးစီးမှူး ဒေါ်မေသန္တာအောင်က စာကြည့်တိုက်ရေရှည် တည်တံ့ဖွံ့ဖြိုးရေး၊ စာအုပ်တိုးပွားရေး၊ ရန်ပုံငွေရှာဖွေရေးနည်းလမ်းများကို ရှင်းလင်းဆွေးနွေးပြီး စာအုပ်စာစောင် ၅၀ကို ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးမောင်ညွှန့်က လက်ခံယူသည်။

ဆက်လက်၍ ဇလျမ်းတောင်ကျေးရွာအုပ်စု ကုက္ကိုကိုင်းကျေးရွာ အလင်းရောင် စာကြည့်တိုက်ကို ဒီဇင်ဘာ၂၄ရက် နံနက်၁၁နာရီက စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်လှစ်၍ မြို့နယ်ဦးစီးမှူး ဒေါ်မေသန္တာအောင်က စာအုပ်စာစောင် ၇၀ကို ပေးအပ်လှူဒါန်းသည်။

(မြို့နယ် ပြန်/ဆက်)

မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ ပူးပေါင်းပြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဒီဇင်ဘာ ၇ရက်က မြို့မဈေးအတွင်း မီးငြိမ်းသတ်ဇာတ်တိုက်လေ့ကျင့်မှုကို အမှုဆောင်အရာရှိ ဦးသန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကောင်းထွန်းလင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ကျေးလက်ပြည်သူများ ဗဟုသုတတိုးပွားရေး စာအုပ်များလှူဒါန်း

သံတွဲ ဇန်နဝါရီ ၁၀

ကျေးလက်နေပြည်သူများ စာဖတ်သည့် အလေ့အထတိုးပွားရေး၊ အသိပညာ ဗဟုသုတကြွယ်ဝရေးအတွက် စာအုပ်များ လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၈ရက် နံနက်၁၀နာရီက သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒွါရာဝတီစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညိုအုန်းက အမှာစကားပြောကြားပြီး စာအုပ်အလှူရှင် ရန်ကုန်မြို့နေ (သံတွဲဇာတိ) ဦးဘခင် (စာရေးဆရာတင့်ခိုင်)က ကျေးရွာစာကြည့်တိုက်များသို့ မိမိကိုယ်တိုင်ရေး စာအုပ်များ လှူဒါန်းရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာအုပ်အလှူရှင် ဦးဘခင် (စာရေးဆရာတင့်ခိုင်) ရေးသားသော နို့ရည်တစ်စက် ပြည့်ကျောက်မျက် စာအုပ် ၂၅၀(တန်ဖိုးကျပ် ၁၂၅၀၀၀)ကို ဦးဘခင် (စာရေးဆရာတင့်ခိုင်)က ပေးအပ်လှူဒါန်းရာ ဦးစီးမှူးဒေါ်ခင်မိမိက လက်ခံယူကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၈-၂၀၀၉ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ရက်က ယင်းကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်သိန်းက တက္ကသိုလ်ဝင်တန်း ငါးဘာသာဂုဏ်ထူးရှင် မရည်မွန်ဝင့်အား ထူးချွန်ဆုချီးမြှင့်စဉ်။

(ပညာရေး)

(၄၁)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံကြက်ခြေနီအသင်းရာသက်ပန်အသင်းဝင် ဦးသန်းအောင်မိုး**(အပေါ်ပုံ)**သည် ဒီဇင်ဘာ ၃၀ရက်က မန္တလေးပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်ခွဲတွင် အရေးပေါ်လူနာများအတွက် (၄၁)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဆုချီးမြှင့်

သဃ်န်းကျွန်းမြို့နယ် အမက(၁၅)၏၂၀၀၇-၂၀၀၈ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုနှင်းသဘင် အခမ်းအနားကို ဇန်နဝါရီ ၁၀ရက်ကကျင်းပရာ သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက် ပထမဆုနှင့် ပညာရေးဘက်စုံထူးချွန်ဆုရ မဖူးမြတ်ချယ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ဦးက ဆုချီးမြှင့်စဉ်။

(၁၂၁)

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် မြို့သစ်မြို့ ကွက်သစ်ရပ်ကွက် ရွှေအင်ကြင်းလမ်း ကျောက်ချောလမ်း ဖွင့်ပွဲကို ဇန်နဝါရီ ၃ရက်က ကျင်းပရာ မြို့နယ်ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးတင်နွယ်နှင့် အမှုဆောင်အရာရှိ ဦးသန့်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြစဉ်။

(မြို့နယ်စည်ပင်)



လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကလေးမြို့ တာဟန်းရပ်ကွက် ဇန္ဒုလလမ်းအပိုင်း(၂) ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၄ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုလတ်၊ အမှုဆောင်အရာရှိ ဦးမိုးဟိန်း၊ လမ်း ကော်မတီဥက္ကဋ္ဌ ဦးမြင့်စိုးတို့ကဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်စည်ပင်)

ရန်ကင်းမြို့နယ် အလက(၇)၌ ဇန်နဝါရီ ၃ရက်က ကျင်းပသော ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ၂၀၀၇-၂၀၀၈ စာသင်နှစ် ကျောင်းတက်ရက်မှန်ရရှိသော အလယ်တန်းပြဆရာမ ဒေါ်စန်းစန်းမြင့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းအောင်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

သနပ်ခါးအခြေခံ အလှကုန် ထုတ်လုပ်မှု နည်းပညာ သင်တန်းဆင်းပွဲကျင်းပ

မန္တလေး ဇန်နဝါရီ ၁၄

သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အထက်မြန်မာပြည်ရုံးခွဲ(မန္တလေး) သနပ်ခါးအခြေခံ အလှကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ၁/၂၀၀၈ဆင်းပွဲကို ဒီဇင်ဘာ ၁၆ရက် မွန်းလွဲ ၂နာရီက ၈၃လမ်း ကူးသန်းရောင်းဝယ်ရေးသင်တန်းကျောင်း၌ကျင်းပရာ စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အထက်မြန်မာပြည်ရုံးခွဲ ညွှန်ကြားရေးမှူး ဦးဌေးလွင် တက်ရောက်သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အမှာစကားပြောကြား

ရှေးဦးစွာ ညွှန်ကြားရေးမှူး ဦးဌေးလွင်က အမှာစကားပြောကြားပြီး ပထမ ဒေါ်သင်းမြင့်အေး၊ ဒုတိယ ဦးဟိန်းထွန်းအောင်၊ တတိယ ဒေါ်သင်းသင်းစိုးတို့အား သင်တန်းဆင်းလက်မှတ်များကို ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်သည်။

ထို့နောက် ညွှန်ကြားရေးမှူးနှင့် တက်ရောက်လာသူများက သင်တန်းသားများ ကိုယ်တိုင်ထုတ်လုပ်သော သနပ်ခါးများကို လက်တွေ့လိမ်းခြယ်မှုနှင့် ခင်းကျင်းပြသထားသော ထုတ်လုပ်မှုပစ္စည်းများကို ကြည့်ရှုအားပေးကြောင်း သိရသည်။ **(၀၉၀)**

ရန်ကုန်တိုင်း ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်မီးငြိမ်းသတ်မှု အစမ်းလေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၂၀ ရက်က အမှုဆောင်အရာရှိ တာဝန်ခံ အင်ဂျင်နီယာနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူ ဈေးသားများ ပူးပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မော်ကျွန်း၌ ပညာရှာစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၅

မော်လမြိုင်ကျွန်းမြို့နယ် ဒွန်းတဘက်ကျေးရွာတွင် ဆောက်လုပ်ပြီးစီးသွားသော ငွေကျပ်ကိုးသိန်းတန် ပညာရှာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ၊ စာကြည့်တိုက်ပဒေသာပင် စိုက်ထူလှူဒါန်းပွဲနှင့် စာအုပ်၊ စာစောင်များ စုပေါင်းပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၄ရက် နံနက် ၁၀နာရီက ပညာရှာစာကြည့်တိုက်အဆောက်အအုံသစ်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဖွင့်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ကြည်၊ ဒွန်းတဘက်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်ဝင်းနှင့် အလှူရှင်များကိုယ်စား မတည်အလှူရှင် ဦးတင်ယု(ရွှေပြည်တော်ဖိနပ်ဆိုင် မော်ကျွန်း)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် စာကြည့်တိုက်ငွေပဒေသာပင် အလှူရှင်ဦးလှသန်း (ရွှေလမင်းပုံနှိပ်တိုက် မော်ကျွန်း) မိသားစုနှင့် ဦးတင်ယု(ရွှေပြည်တော်ဖိနပ်ဆိုင် မော်ကျွန်း)မိသားစုတို့က ငွေကျပ်တစ်သောင်းစီ မတည်လှူဒါန်းကြပြီး ပညာရှာစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်အလှူရှင် ၁၁ဦးတို့က သုတ၊ရသနှင့် မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်မျိုးစုံအုပ်ရေ ၆၀၀ကို ပေးအပ်လှူဒါန်းကြရာ ပညာရှာ ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကော်မတီဝင်များက လက်ခံယူကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒို့ရွှေစံစာကြည့်တိုက် အဆင့်မြှင့်ဖွင့်လှစ်ခြင်းနှင့် စာအုပ်များလှူဒါန်းပွဲ ညောင်လေးပင်၌ ကျင်းပ

ညောင်လေးပင် ဇန်နဝါရီ ၁၂

ညောင်လေးပင်မြို့နယ် ဝါးရုံကုန် ကျေးရွာအုပ်စု စံဖဲကျေးရွာရှိ စံ(၅)ရပ်နှင့်အညီ ဒို့ရွှေစံစာကြည့်တိုက်အဆင့်မြှင့် ဖွင့်လှစ်ခြင်းနှင့် စာအုပ်ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၈ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်အောင်က စံ(၅)ရပ်နှင့်အညီ စာကြည့်တိုက်အဆင့်မြှင့် ဖွင့်လှစ်ရခြင်းကို ရှင်းလင်းပြောကြားပြီး **(အောက်ပုံ)** စာအုပ်များ ပေးအပ်လှူဒါန်းသည်။ **(မြို့နယ် ပြန်/ဆက်)**

အိုင်သပြူ အထကကျောင်းသားဟောင်းများ အာစရိယပူဇော်

လေးမျက်နှာ ဇန်နဝါရီ ၁၀

ဧရာဝတီတိုင်း လေးမျက်နှာမြို့နယ် အိုင်သပြူ အခြေခံပညာအထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်းများက စုပေါင်း၍ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၅ရက်က အိုင်သပြူအထက်တန်းကျောင်း မြက်ခင်းပြင်၌ကျင်းပရာ **(အောက်ပုံ)** ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်ဇော်က အမှာစကား ပြောကြားပြီး ကျောင်းသားကျောင်းသူဟောင်းများက ဆရာကြီး ဆရာမကြီးများအား ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်ပူဇော်ကန်တော့ကြပြီး ဆရာကြီးဦးမြင့်အောင်(တိုင်းပညာရေးမှူး၊ငြိမ်း)နှင့် ဆရာမကြီးဒေါ်သန်းသန်းနွဲ့ (ကျောင်းအုပ်ကြီး၊ ငြိမ်း)တို့က သြဝါဒစကား ပြောကြားသည်။ **(ပညာရေး)**

မြို့နယ်သတင်းများ

ကာကွယ်ဆေးတိုက်နေ့များ အသိပေးရှင်းလင်း

စဉ့်ကူး ဇန်နဝါရီ ၁၃

စဉ့်ကူးမြို့နယ် ၂၀၀၉ခုနှစ် အမျိုးသား ကာကွယ်ဆေးတိုက်နေ့များ (မြို့နယ်အဆင့်) အသိပေးရှင်းလင်းပွဲကို ဇန်နဝါရီ ၅ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လှူက အဖွင့်အမှာစကားပြောကြားပြီး ခေတ္တမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာချမ်းငြိမ်းထွေးက ကာကွယ်ဆေးတိုက်နေ့များ အသိပေးရှင်းလင်းကာ မြို့နယ်သူနာပြုအဆင့်(၁) ဒေါ်ယင်းမာသန်းက မြို့နယ်အတွင်းရှိ ကာကွယ်ဆေးတိုက်ကျွေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ပုဂံညောင်ဦးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

ပုဂံညောင်ဦးမြို့နယ်အသင်း (ရန်ကုန်)၏ ၂၀၀၈ခုနှစ် သင်းလုံးကျွတ်နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ၂၀၀၇ခုနှစ် အမျိုးသားစာပေဆု၊ စာပဒေသာဆုရ ဘွားဦးဖွန်းစာအုပ် ရေးသားသူ စာရေးဆရာကြီး တက္ကသိုလ်စိန်တင်(ညောင်ဦး)အား ချီးကျူးဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၂၂ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂နာရီခွဲတွင် ရွှေတိဂုံဘုရားအရှေ့မုခ်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပမည် ဖြစ်သည်။

ရန်ကုန်ရောက် မြို့နယ်သူ မြို့နယ်သားများနှင့် အသင်းဝင်များ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဂုဏ်ထူးရ သားသမီးများ၊ အသက်(၇၅)နှစ်ပြည့်ပြီးသူ အဘိုးအဘွားများစာရင်းကို ဖေဖော်ဝါရီ၁၀ရက် နောက်ဆုံးထား၍ အသင်းနာယကဦးဘစော ဖုန်း-၂၀၁၄၆၈၊ ဥက္ကဋ္ဌ ဦးသိန်းအောင်ဖုန်း-၅၇၇၇၀၂၊ အတွင်းရေးမှူး ဦးသောင်းညွန့် ဖုန်း-၅၅၂၄၈၉နှင့် နီးစပ်ရာ အမှုဆောင်များထံ စာရင်းပေးပို့ကြရန် နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

အုတ်တွင်း ဇန်နဝါရီ ၁၄

သူငယ်ချင်းတစ်စု ထန်းရည်အတူသောက် မူးယစ်စကားများ ရန်ဖြစ်ရာမှ ဓားဖြင့်ထိုးသတ်သောဖြစ်ရပ် ဒီဇင်ဘာ ၃၁ရက် ညက အုတ်တွင်းမြို့နယ် တဲကြီးကုန်း ကျေးရွာအုပ်စု တစ်ရာ့နှစ်ဆယ် ကျေးရွာတွင် ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ဇန်နဝါရီ ၁ရက် နံနက်ပိုင်းက အုတ်တွင်းမြို့နယ် တဲကြီးကုန်း ကျေးရွာအုပ်စု တစ်ရာ့နှစ်ဆယ်ကျေးရွာနေ

မှုခင်းသတင်း
ထန်းရည်အတူသောက်ပြီး စကားများရာမှ ဓားဖြင့်ထိုးသတ်မှု အုတ်တွင်းမြို့နယ်၌ ဖြစ်ပွား

ဦးမြင့်ဦး(ဘ)ဦးလှရွှေ(၄၄နှစ်)က တစ်ရွာတည်းသား မောင်ဇော်၏ အလောင်းကို တစ်ရာ့နှစ်ဆယ်ကျေးရွာ သုသာန်တွင် တွေ့ရှိရကြောင်း လာရောက်သတင်းပို့ တိုင်တန်းချက်အရ စခန်းမှူးရဲအုပ်သိန်းကျော်၊ နယ်ထိန်းတာဝန်ခံဒုရဲအုပ် မျိုးမြင့်တိုးနှင့် ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးတွေ့ရှိချက်အရ ဒီဇင်ဘာ ၃၁ရက် ည ၉နာရီခန့်တွင် မြင့်လွင်(၃၉နှစ်)(ဘ)ဦးမှုံကြီး၊ သန်းထိုက်(၁၈နှစ်)(ဘ)ဦးကိုကြီး၊ မင်းကျော်(၂၅နှစ်)(ဘ)ဦးသာခင်နှင့် သေဆုံးသူ မောင်ဇော် (အသက်၃၀)(ဘ) ဦးသိန်းအောင်တို့ သန်းထိုက် အိမ်တွင်စု၍ ထန်းရည်သောက်ရာမှ မြင့်လွင်နှင့် မောင်ဇော်တို့စကားများရန်ဖြစ်ကြကြောင်း၊ မြင့်လွင်က ထိုင်နေသော မောင်ဇော်အား အသင့်ပါလာသည့် ငါးဖယ်ခုံးဓားဖြင့်ထိုးသတ်ခဲ့ကြောင်း၊ မြင့်လွင်က အလောင်းကို သုသာန်တွင်သွားရောက်လွှင့်ပစ်ပေးရန်နှင့် မပစ်ပေးက အားလုံးကို သတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့၍ သွားရောက်လွှင့်ပစ်ခဲ့ရကြောင်း စစ်ဆေးတွေ့ရှိရသည်။

မောင်ဇော်မှာ ယာရင်ညွှန့်တွင်ထိုးသွင်းဒဏ်ရာတစ်ချက်နှင့် လည်ပင်းတွင် အစင်းနှင့် သွေးထွက်ဒဏ်ရာများဖြင့် သေဆုံးခဲ့၍ အမှုကို အုတ်တွင်းရဲစခန်းမှ ပ/အမှတ် ၂/၂၀၀၉ပုဒ်မ(၃၀၂)အရ အိမ်ရှင်သန်းထိုက်၊ တရားခံမြင့်လွင်နှင့်မင်းကျော်တို့အား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ **(၃၁၆)**

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကုန်ခြောက်သားငါးဈေးအတွင်း မီးဘေးကြိုတင် ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၁၆ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးအိမ်လှသောင်း ဦးဆောင်သည့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မီးသတ် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုး ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများ ပါဝင်ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

တာမွေမြို့နယ် အမှတ်(၂၈)အခြေခံပညာမူလတန်းကျောင်း၏ ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃ရက်က ကျင်းပရာ ဒုတိယတန်းမှ ပထမဆုရ မောင်ကျော်ဇင်လတ်အား ကျောင်းအုပ် ဆရာမကြီး ဒေါ်ရီရီလွင်က ဆုပေးအပ်ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ရေသယံဇာတ ပြည်ပပို့ကုန်များအနက် ရေချို ရေငန် ပုစွန်တင်ပို့မှုအများဆုံးဖြစ်

ကျောက်တန်း ကဏန်းမွေးမြူရေးဇုန်၌ ကဏန်းပျော့များ တိုးမြှင့်ထုတ်လုပ်နေ

သတင်းမြင်ကွင်း - မောင်မောင်ထွေး(သတင်းစဉ်) ❖ ဓာတ်ပုံမှတ်တမ်း - သောင်းမြင့်(သတင်းစဉ်)
စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁၉

မြစ်ချောင်း၊ အင်းအိုင်ပေါများပြီး မိုင်ပေါင်း ၁၂၀၀ ကျော်ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားသည့် အမိနိုင်ငံတော်၏ ရေပိုင်နက်တွင် သက်ရှိ၊ သက်မဲ့သယံဇာတများ ပေါကြွယ်ဝလှသည်။

ကုန်နိုင်ဖွယ်ရာမရှိ

သက်ရှိသယံဇာတများဖြစ်ကြသော ငါး၊ ပုစွန်၊ ခရု၊ ကဏန်းအပါအဝင် ရေနေသတ္တဝါများကား နောင်တိုးပွားလာမည့် မျိုးဆက်များ စား၍ပင်ကုန်နိုင်ဖွယ်ရာ မရှိပါချေ။ *စာမျက်နှာ ၈ ကော်လံ ၁* ❐



ကျောက်တန်း ကဏန်းမွေးမြူရေးဇုန်တွင် ဈေးကွက် တန်းဝင် ကဏန်းများကို ဤသို့ မွေးမြူထားသည်မှာ....။ (သတင်းစဉ်)

ပြည်ပဈေးကွက်တွင် နိုင်ငံခြားဝင်ငွေအများဆုံး ရှာဖွေပေးနိုင်သည့် ရေချို ပုစွန်တုပ်ကြီးများ။ (သတင်းစဉ်)

ကမ္ဘာ့ပထမဆုံး ရေခဲဟိုတယ်

ဘာသာပြန် သတင်းမှတ်စု - မိုးမြင့်လင်းလက် ❖ စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး

အမွန် ဇန်နဝါရီ ၁၉

ထူးဆန်းသောခံစားမှု၊ ထူးခြားသော အတွေ့အကြုံများကို ခံစားလိုသူများအတွက် ဆွီဒင်နိုင်ငံက ကမ္ဘာ့ပထမဆုံး ရေခဲဟိုတယ်တစ်လုံးကို တည်ဆောက်လိုက်ပြီဖြစ်သည်။(အောက်ပုံ) *စာမျက်နှာ ၁၁ ကော်လံ ၁* ✻

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ကော်ဖီ တစ်နေ့နှစ်ခွက်ခန့် သောက်သုံးပါလျှင် အရေပြားကင်ဆာဖြစ်ပွားမှု ကာကွယ်နိုင်ဟုဆို



ကော်ဖီ သောက်သုံးခြင်းသည် ခရမ်းလွန်ရောင်ခြည်ကြောင့် ဖြစ်စေတတ်သော ခန္ဓာကိုယ်အရေပြားကင်ဆာ ဖြစ်ပွားမှုကို ကာကွယ်ပေးရာတွင် အထောက်အကူပြုကြောင်း အမေရိကန်နိုင်ငံ နယူးဂျာစီတက္ကသိုလ်မှ သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားသည်။

ဖယ်ရှားနိုင်

ကော်ဖီမှုန့်တွင်ပါရှိသောဓာတ်က ခန္ဓာကိုယ်အရေပြား၌ ပျက်စီးသွားသည့် ဆဲလ်များအား ဖယ်ရှားပစ်နိုင်သည့်အပြင် ဆဲလ်များခံနိုင်ရည်ကောင်းမွန်အောင်လည်း ပံ့ပိုးပေးနိုင်ကြောင်း သိရသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ●

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး